# Asm'wusr;

**ရှင်ယောဟန်က ဤစာစောင်အကြောင်းကို ပြောဆိုခြင်း**

၁ ဤအရာသည် ယေရှုခရစ်တော်၏ဗျာဒိတ်တော်
ဖြစ်သည်။ ဘုရားသခင်သည် မိမိ၏ တပည့်
တော်များအား မကြာခင်တွင် မည်သို့ ဖြစ်လာမည်
ကိုပြသရန် ယေရှုအား စေလွှတ်ခဲ့သည်။ ခရစ်တော်
သည် ကောင်းကင်တမန်များကို စေလွှတ်ပြီး
ယောဟန်အား ဖော်ပြခဲ့သည်။ ၂ ယောဟန်က သူ
မြင်သောအရာအားလုံး ပြောပြသည်။ ယေရှုခရစ်
တော်ပြောသော သမ္မာတရားအတိုင်းဖြစ်သည်။ ထို
တရားသည် ဘုရားသခင်ထံမှလာသော သတင်း
စကားဖြစ်သည်။ ၃ ဘုရားသခင်ထံမှ လာသော ဤ
သတင်းများကို ဖတ်ရှုသောသူသည် ကောင်းချီး
*(ပျော်ရွှင်မှု)* ခံစားရသည်။ ဤသတင်းကို ကြားပြီး
ရေးထားသည့်အတိုင်း လုပ်ဆောင်သောသူအားလုံး
တို့သည်လည်း ကောင်းချီးခံစားရသည်။ အချိန်
ကုန်ဆုံးလုနီးပြီ။

**ယေရှု၏သတင်းစကားများကို ယောဟန်က အသင်းတော်များသို့ ရေးသည့်စာ**

၄ ယောဟန်ထံမှ သတင်းစကားများ၊
အာရှိပြည်၌ ရှိသောအသင်းတော် ခုနစ်ပါးထံသို့
စာရေးလိုက်ပါသည်။
ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ကာလတို့တွင်ရှိ
၍ ကြွလာတော်မူမည်ဖြစ်သောသူ ဘုရားသခင်၊
ယေရှုခရစ်တော်နှင့် သူ၏ပလ္လင်တော်မှ ဝိညာဉ်
ခုနစ်ပါးထံမှ ကောင်းချီး*(ကြင်နာခြင်း)*နှင့် ငြိမ်
သက်ခြင်းသည် သင်တို့၌ သက်ရောက်ပါစေ။
၅ယေရှုခရစ်သည် စစ်မှန်သော သက်သေဖြစ်၏။
သေခြင်းမှ ပထမဦးဆုံး ရှင်ပြန်ထမြောက်သောသူ
ဖြစ်သည်။ ကမ္ဘာလောကဘုရင်များကို အုပ်စိုးသော
သူသည် ယေရှုဖြစ်သည်။
ယေရှုသည် ငါတို့ကို ချစ်သည်။ ယေရှုသာလျှင်
သူ၏အသွေးတော်*(သေခြင်း)*ဖြင့် အပြစ်မှ လွတ်
မြောက်ရန် ပြုလုပ်ပေးတော်မူ သည်။ ၆ ယေရှုက
ငါတို့ကို နိုင်ငံတော်တစ်ခုဖြစ်ရန် တည်ထောင်
တော်မူသည်။ ခမည်းတော်ဘုရားသခင်ကို အစေခံ
သော ယဇ်ပုရောဟိတ်များအဖြစ်လည်း ငါတို့ကို
ခန့်ထားတော်မူသည်။ ခရစ်တော်၌ ဘုန်း အသရေ
တော်နှင့် တန်ခိုးတော်အစဉ်အမြဲရှိပါစေ။ အာမင်
၇ မျှော်ကြည့်ကြပါ။ တိမ်တိုက်များနှင့်အတူ
ယေရှုကြွလာပြီ။ လူများအားလုံး သူ့ကိုမြင်ရမည်။
သူ့ကို ထိုးဖောက်သောသူများပင်လျှင်မြင်ရမည်။
ကမ္ဘာပေါ်ရှိလူအားလုံးတို့သည် သူ့ကြောင့် ကျယ်
လောင်စွာ အော်ဟစ်ကြလိမ့်မည်။ ဤအရာသည်
အမှန်တကယ်ပင်ဖြစ် လာလိမ့်မည်။ အာမင်
၈ ဘုရားသခင်က“ငါသည် အာလဖဖြစ်၏။ ဩ
မေဃလည်းဖြစ်၏။ ငါသည် ပစ္စုပ္ပန်အတိတ်နှင့်
အနာဂတ်ဖြစ်၏။ ငါသည် ဘုန်းတန်ခိုးနှင့် ပြည့်စုံ
၏”ဟု မိန့်တော်မူသည်။
၉ ငါသည် ယောဟန်ဖြစ်၏။ ခရစ်တော်၌ သင်
၏ညီအစ်ကိုဖြစ်သည်။ ငါတို့သည် ခရစ်တော်၌အတူ
ရှိကြပြီး နိုင်ငံတော်နှင့် ဆင်းရဲဒုက္ခ၊ သည်းခံစိတ်
ရှည်ခြင်းတို့ကို မျှတူခံစားကြသည်။ ယေရှု၏ သမ္မာ
တရားနှင့် ဘုရားသခင်၏ သတင်းစကားပေါ်တွင်
သစ္စာရှိခဲ့ခြင်းကြောင့် ငါသည် ပတ်မုကျွန်းတွင်
နေရသည်။ ၁၀ သခင်ဘုရား၏နေ့တွင် ဝိညာဉ်တော်
သည် ငါ့ကို ထိန်းချုပ်တော်မူသည်။ ငါ၏ နောက်
တွင် ကျယ်လောင်သောအသံကို ကြားရသည်။ ထို
အသံသည် တံပိုးမှုတ်သံနှင့်တူသည်။ ၁၁ ထိုအသံ
က “ယခုတွေ့မြင်ရသော အရာအားလုံး စာအုပ်ထဲ
တွင် ရေးသားထားပါ၊ အသင်းတော်ခုနစ်ပါးဖြစ်တဲ့
ဧဖက်မြို့၊ စမုရနမြို့၊ ပေရဂံမြို့၊ သွာတိရမြို့၊ သာဒိမြို့၊
ဖိလဒေလဖိမြို့နှင့် လောဒိကိမြို့များသို့ ပို့လိုက်ပါ”
ဟု ငါ့အား မိန့်တော်မူ၏။
၁၂ ငါနှင့်စကားပြောသောသူကို တွေ့ရန် လှည့်
၍ကြည့်သောအခါ ရွှေမီးခွက်ခုနစ်လုံးကို လည်း
ကောင်း၊ ၁၃ မီးခွက်များအလယ်တွင် လူသားနှင့်
တူသော လူတစ်ယောက်ကိုလည်းကောင်း တွေ့ရ
သည်။ ထိုသူသည် ဝတ်ရုံရှည်ကြီးကို ဝတ်ဆင်ထား
၏။ ရွှေခါးပန်းကိုလည်း စည်းထား၏။ ၁၄နှင်း ပွင့်
ကဲ့သို့ဖြူစင်သော ဦးခေါင်းနှင့် ဆံပင်ရှိ၏။ သူ၏
မျက်လုံးများသည် မီးလျှံကဲ့သို့ဖြစ်၏။၁၅ သူ၏ ခြေ

တော်သည် မီးထဲတွင် တောက်ပနေသော ကြေးဝါ
ကဲ့သို့ဖြစ်၏။ သူ၏အသံတော်သည် ရေလွှမ်းမိုး
သောအသံကဲ့သို့ဖြစ်၏။ ၁၆သူ၏ လက်ယာလက်ထဲ
တွင် ကြယ်ခုနစ်လုံးရှိ၏။ အသွားနှစ်ဘက်ရှိသော
ထက်သည့် သန်လျက်သည် သူ၏ပါးစပ်ထဲမှ
ထွက်လာ၏။ သူ့ကို တောက်ပသော အလင်းကဲ့သို့
တွေ့ရ၏။

၁၇ ငါသည် သူ့ကိုမြင်သောအခါ လူသေကဲ့သို့
သူ၏ခြေတော်ရင်း၌ လဲလျက်ရှိ၏။ သူသည် လက်
ယာလက်ကို ငါ့အပေါ်တွင်တင်ပြီး “မကြောက်နှင့်၊
ငါသည် အဦးဆုံးသောသူ၊ နောက်ဆုံးသောသူဖြစ်
၏။ ၁၈ ငါသည် အသက်ရှင်သောသူဖြစ်သည်။ ငါသေ
ခဲ့ပြီ၊ သို့သော် ကြည့်ပါ။ ယခုငါသည် အစဉ်ထာဝရ
အသက်ရှင်သည်။ သေခြင်းနှင့် မရဏာနိုင်ငံသော့
ကို ငါကိုင်ထားသည်။ ၁၉ ထို့ကြောင့် သင်မြင်ရ
သောအကြောင်းအရာများကို ရေးထားပါ၊ ယခု ဖြစ်
နေသည့်အရာနှင့် နောင်ဖြစ်လာမည့်အရာများ
အကြောင်းကို ရေးထားပါ။ ၂၀ သင်တွေ့ရသည့် ငါ၏
လက်ယာဘက်တွင်ရှိသောကြယ်ခုနစ်လုံးနှင့် ရွှေ
မီးခွက်ခုနစ်ခု၏ အဓိပ္ပာယ်မှာ ဤသို့ဖြစ်၏။ ရွှေမီး
ခွက်ခုနစ်ခုသည် အသင်းတော်ခုနစ်ပါးဖြစ်ပြီး၊
ကြယ်ခုနစ်လုံးမှာ အသင်းတော်ခုနစ်ပါး၏ကောင်း
ကင်တမန်များဖြစ်သည်။

## ဧဖက်အသင်းတော်သို့ ပေးသောစာ

၂ “ဧဖက်၌ရှိသော အသင်းတော်ထံသို့ ဤစာကို
ရေးလိုက်ပါ၏။

လက်ယာလက်တွင် ကြယ်ခုနစ်လုံးကို ကိုင်
လျက် ရွှေမီးခွက်ခုနစ်လုံးအလယ်၌ရှိသောသူက
ဤအရာများကို သင်တို့အား မိန့်တော်မူ၏။ ၂ သင်
တို့ပြုသောအမှုကို ငါသိ၏။ သင်တို့သည် မရပ်
မနားဘဲ ပင်ပန်းစွာ လုပ်ကိုင်နေကြသည်။
မကောင်းသောသူတို့ကို လက်မခံကြောင်း ငါသိ
၏။ တပည့်တော် အစစ်အမှန်မဟုတ်သောသူများ
ကို သင်တို့ စမ်းသပ်စစ်ဆေးပြီး သူတို့လိမ်ညာနေ
ကြောင်း သိရသည်။ ၃ သင်တို့သည် မရပ်မနားဘဲ
ဆက်လက်ကြိုးစားကြသည်။ ငါ၏ နာမအတွက်
ဆင်းရဲဒုက္ခများကို သည်းခံကြသည်။ ဤအရာများ
ကို ပြုလုပ်ခြင်း၌ သင်တို့ မောပန်းခြင်း မရှိကြ။

၄ “သို့သော် အစကရှိခဲ့သော မေတ္တာ လျော့
နည်းလာသောကြောင့် သင်တို့ကို ငါအပြစ်တင်၏။
၅ ထို့ ကြောင့် သင်တို့မလဲမီ သင်တို့၏ မူလနေရာ
ကို သတိရကြပါ။ သင်၏စိတ်နှလုံးကို ပြောင်းလဲပြီး
ယခင်က ပြုလုပ်သကဲ့သို့ပင် ပြုလုပ်ပါ။ သင်တို့
သည် စိတ်ပြောင်းလဲခြင်း မရှိလျှင် သင်တို့ထံကို
ငါလာမည်။ သင်တို့၏ မီးခွက်များကို နေရာမှရွှေ့
မည်။ ၆ သို့သော် သင်တို့သည် မှန်သောအရာ
တစ်ချို့ကိုပြုလုပ်ခဲ့သည်။ နိကောလ၏တပည့်များ
ပြုလုပ်သောအရာများကို သင်တို့မုန်းကြသည်။ ငါ
လည်း သူတို့လုပ်ဆောင်ချက်ကို မုန်းသည်။

၇ “ဝိညာဉ်တော်သည် အသင်းတော်များအား
မိန့်တော်မူသောစကားကိုကြားရသောသူတိုင်းနာခံ
ရမည်။ အောင်မြင်သောသူအား အသက်ပင်၏အသီး
ကိုစားခွင့်ပြုမည်။ ထိုသစ်ပင်သည် ဘုရားသခင်၏
ဥယျာဉ်တော်ထဲ၌ ရှိသည်။

## စမုရနအသင်းတော်သို့ ပေးသောစာ

၈ “စမုရနအသင်းတော်၏ တမန်များထံသို့ ဤ
စာကိုရေးလိုက်ပါ၏။

“အစနှင့်အဆုံးဖြစ်သောသူက ဤအရာများကို
သင့်အားပြောကြားသည်။ ထိုသူသည် သေပြီးနောက်
ရှင်ပြန်ထမြောက်သောသူဖြစ်သည်။ ၉ သင်တို့၏
ပြဿနာများကို ငါသိသည်။ သင်တို့ ဆင်းရဲခံရ
သည်ကိုလည်း ငါသိသည်။ သို့သော်လည်း သင်
တို့သည် ကြွယ်ဝကြ၏။ လူတစ်ချို့က သင်တို့၏
မကောင်းကြောင်းကို ပြောသည်ကို ငါသိ၏။ သူတို့
က ‘ငါတို့သည် ဂျူးလူမျိုးဖြစ်သည်’ဟု ပြောကြ
သည်။ သို့သော် သူတို့သည် ဂျူးလူမျိုးအစစ်အမှန်
မဟုတ်ပေ။ သူတို့သည် စာတန်နှင့်သက်ဆိုင်သော
ဝတ်ပြုကိုးကွယ်သည့်အဖွဲ့မှဖြစ်၏။ ၁၀ သင်တို့ ရင်
ဆိုင်ရမည့်အရာများအတွက် မကြောက်ကြနှင့်။
မာရ်နတ်သည် သင်တို့ထဲမှ အချို့ကို ထောင်ထဲ
သို့ပို့လိမ့်မည်။ ဤသို့ပြုခြင်းသည် သင်တို့ကို စစ်
ကြောရန်ပြုခြင်းဖြစ်သည်။ သင် တို့သည် ဆယ်ရက်
တာ ဆင်းရဲဒုက္ခခံရမည်။ သေသည့်တိုင်အောင်
သစ္စာရှိပါ။ သင်သည် အဆုံးတိုင်အောင် သစ္စာရှိ
လျှင် သင့်အား အသက်သရဖူကို ငါပေးမည်။

၁၁ “ဝိညာဉ်တော်သည် အသင်းတော်များအား
မိန့်တော်မူသောစကားကို ကြားရသောသူတိုင်းနာ
ခံ ရမည်။ အောင်မြင်သောသူကို ဒုတိယ သေခြင်း
က မထိမခိုက်စေရ။

## ပေရဂံအသင်းတော်သို့ ပေးသောစာ

၁၂ “ပေရဂံအသင်းတော်၏တမန်ထံသို့ ဤစာ
ကို ရေးလိုက်ပါ၏။

“အသွားနှစ်ဘက်ထက်သောသန်လျက်ရှိသော

သူက ဤအရာများကို သင့်အား မိန့်တော်မူ၏။
၁၃ သင်မည်သည့်နေရာမှာ နေသည်ကို ငါသိ၏။
စာတန်၏ပလ္လင်ရှိရာအရပ်၌သင်နေထိုင်သည်။ သို့
သော် သင်သည် ငါ၌ သစ္စာရှိ၏။ အန္တိပ၏နေ့ရက်
ကာလတွင် ငါ၌ထားသော သင်၏သစ္စာအကြောင်း
ကို ပြောရန် မငြင်းပယ်ပါ။ သင်၏မြို့၌ အသတ်ခံ
ရသူ အန္တိပသည် ငါ၌ သစ္စာရှိသောသက်သေဖြစ်
သည်။ သင်၏မြို့သည် စာတန်နေထိုင်သောနေရာ
ဖြစ်သည်။
၁၄ "သို့သော် သင့်ကို အပြစ်တင်စရာအကြောင်း
ရှိသည်။ ဗာလမ်၏သွန်သင်ခြင်းနောက်သို့ လိုက်
ပါသောသူများသည် သင်၏အုပ်စုထဲတွင် ရှိသည်။
ဂျူးလူမျိုးတို့အား အပြစ်လုပ်စေရန် ဗာလမ်သည်
ဗာလက်မင်းကို သွန်သင်ခဲ့သည်။ ထိုသူတို့သည်
ရုပ်တုကိုပူဇော်သော အစာများကို စားခြင်းနှင့်
မတရားသောမေထုန်ကို မှီဝဲခြင်းဖြင့် အပြစ်များကို
ပြုလုပ်ခဲ့သည်။ ၁၅ သင်တို့၏ လူစုထဲတွင်လည်း
ထိုနည်းတူပင်ဖြစ်သည်။ နိကောလတပည့်တို့၏
သွန်သင်ခြင်းနောက်သို့ လိုက်သောသူများ သင်တို့
အထဲ၌ရှိသည်။ ၁၆ ထို့ကြောင့် သင်တို့၏စိတ်ကို
ပြောင်းလဲကြပါ။ မပြောင်းလဲလျှင် သင်တို့ထံ ငါ
အမြန်လာ၍ ငါ၏ခံတွင်းမှ ထွက်သော သန်လျက်
နှင့် ထိုသူတို့ကို တိုက်ခိုက်မည်။
၁၇ ဝိညာဉ်တော်သည် အသင်းတော်များအား
မိန့်တော်မူသောစကားကို ကြားရသူတိုင်း နာခံရ
မည်။ အောင်မြင်သောသူအား ဝှက်ထားသော မန္န
ကို ငါပေးမည်။ ကျောက်ဖြူကိုလည်း ထိုသူအား
ငါပေးမည်။ ထိုကျောက်ပေါ်တွင် နာမသစ်ကို ရေး
ထားသည်။ ထိုနာမသစ်ကို မည်သူမျှ မသိရ။ ထို
ကျောက်ကို ရရှိသောသူတစ်ဦးသာလျှင် ထိုနာမ
သစ်ကို သိရလိမ့်မည်။

**သွာတိရမြို့အသင်းတော်သို့ပေးသောစာ**

၁၈ "သွာတိရအသင်းတော်၏တမန်ထံသို့ ဤစာ
ကို ရေးလိုက်ပါ၏။
"ဘုရား၏သားတော်သည် ဤအရာကိုပြောကြား
တော်မူသည်။ သူသည် မီးလျှံကဲ့သို့သောမျက်လုံး
နှင့် တောက်ပြောင်သည့်ကြေးဝါခြေထောက်ရှိသော
သူဖြစ်တော်မူသည်။ သင်တို့အား ဤအကြောင်း
အရာတို့ကို မိန့်တော်မူသည်။ ၁၉ သင်ပြုသောအမှု
ကို ငါသိ၏။ သင်၌ ချစ်ခြင်းမေတ္တာ၊ ယုံကြည်ခြင်း၊
အစေခံခြင်းနှင့် စိတ်ရှည်သည်းခံခြင်းရှိကြောင်း
ကိုလည်း ငါသိ၏။ ၂၀ သို့သော် သင်တို့၌ ငါအပြစ်
တင်စရာရှိ၏။ သင်တို့သည် ယေဇဗေလအမည်ရှိ
သော မိန်းမအား သူလုပ်လိုသောအရာများကို လုပ်
စေသည်။ သူမသည် ပရောဖက်ဖြစ်သည် ဟု ဆို၏။
သို့သော် သူ၏သွန်သင်မှုကြောင့် ငါ၏ လူတို့ကို
လမ်းလွဲစေ၏။ ယေဇဗေလသည် မတရားသော
မေထုန်ကိုမှီဝဲစေပြီး ရုပ်တုရှေ့၌ ပူဇော်သောအစာ
များကိုစားစေ၏။ ၂၁ အပြစ်များကို စွန့်၍စိတ်ပြောင်း
လဲရန် သူ့ကို ငါအချိန်ပေးခဲ့သော်လည်း သူသည်
ပြောင်းလဲခြင်း မရှိ။ ၂၂ ထို့ကြောင့် ဆင်းရဲဒုက္ခခံရာ
အိပ်ရာပေါ်၌ သူ့ကို ငါချထားမည်။ သူနှင့်အတူ
မတရားသောမေထုန်ကို မှီဝဲသောသူများ၊ ဆင်းရဲ
ဒုက္ခကို ခံရမည်။ သူနှင့် မှားယွင်းပြီး နောင်တမရ
သောသူတို့သည် ယခုပင် အပြစ်ဒဏ်ခံရမည်။
၂၃ သူ၏နောက်လိုက်များကိုလည်း ငါသည်ဖျက်ဆီး
ပစ်မည်။ သို့မှသာ ငါသည် လူတို့၏ အတွေးအခေါ်
နှင့် အကြံအစည်များကို သိသောသူဖြစ်ကြောင်း
သူတို့ သိရကြမည်။ သင်တို့ တစ်ဦးချင်း ပြုလုပ်ခဲ့
သမျှကို ပြန်လည်ပေးဆပ်မည်။
၂၄ "သို့သော် သွာတိရမြို့သားတစ်ချို့သည် သူမ
၏သွန်သင်မှုနောက်သို့ မလိုက်ဘဲနေကြ၏။ စာတန်
၏နက်နဲသော လျှို့ဝှက်ချက်ကိုလည်း သင်တို့မခံ
မယူဘဲနေကြ၏။ ငါသည် သင်တို့ကို ဤကဲ့သို့
ပြော၏။ သင်တို့ အပေါ်၌ အခြားသောဝန်ထုပ်ကို
ငါတင်မည် မဟုတ်။ ၂၅ ငါပြန်ကြွလာသည့်အချိန်
အထိ ဤကဲ့သို့ဆက်လက်၍ ကျင့်ကြံကြပါ။
၂၆ "ငါအလိုရှိသည့်အရာကို အဆုံးတိုင်အောင်
ဆက်လက်လုပ်ဆောင်ပြီး အောင်မြင်သောသူအား
တိုင်းနိုင်ငံများအပေါ် အုပ်စိုးရသောတန်ခိုးကို ငါ
ပေးမည်။

၂၇ ထိုသူသည် 'သူတို့ကို သံလှံတံနှင့်
အုပ်စိုးလိမ့်မည်၊
မြေအိုးကို ခွဲဖျက်သကဲ့သို့
သူတို့ကို တစ်စစီခွဲပစ်လိမ့်မည်'
*ဆာလံ ၂း၉*

၂၈ ထိုတန်ခိုးသည် ခမည်းတော်ထံမှ ငါ ရရှိသော
တန်ခိုး ဖြစ်သည်။ မိုးသောက်ကြယ်ကိုလည်း ထို
သူအား ငါပေးမည်။ ၂၉ ဝိညာဉ်တော်သည် အသင်း
တော်များအား မိန့်တော်မူသောစကားကို ကြားရ
သူတိုင်း နာခံရမည်။

### သာဒိအသင်းတော်သို့ ပေးသောစာ

၃ “သာဒိအသင်းတော်၏တမန်ထံသို့ ဤစာကို
ငါရေးလိုက်ပါ၏။
“ကြယ်ခုနစ်လုံး၊ ဝိညာဉ်တော်ခုနစ်ပါးရှိသော
သူက ဤအရာကို မိန့်တော်မူလိုက်သည်။ သင်တို့
ပြုကျင့်သည့်အရာများကို ငါသိသည်။ လူများက
သင်တို့ကို အသက်ရှင်သည်ဟု ပြောကြ၏။ သို့သော်
အမှန်မှာ သင်သည် သေလျက်နေ၏။ ၂ နိုးကြားနေ
ပါ။ အနည်းငယ်မျှ ကျန်ရှိတဲ့အချိန်မှာ ကိုယ်ကိုယ်
ကို ခွန်အားရှိစေပါ။ သေလုလုဖြစ်နေချိန်မှာ ခွန်
အားရှိအောင် ကိုယ်ကိုယ်ကို ပြုစုကြပါ။ သင်တို့ပြု
လုပ်သည့်အရာများသည် ငါ၏ ဘုရားသခင်ရှေ့၌
မပြည့်စုံကြောင်းကို ငါသိသည်။ ၃ ထို့ကြောင့် သင်
တို့ ကြားသိရသောအရာများကို မမေ့ကြနှင့်။ နာခံ
ကြပါ။ စိတ်ပြောင်းလဲကြပါ။ သင်တို့ နိုးကြားလျက်
ရှိနေကြပါ။ မဟုတ်လျှင် သင်တို့ကို အံ့သြစေခြင်း
ငှာ သင်တို့ထံသို့သူခိုးကဲ့သို့ ငါလာမည်။ ၄ သို့သော်
လည်း သာဒိမြို့တွင် မိမိကိုယ်ကို သန့်ရှင်းစေသူ
အချို့ရှိသည်။ ထိုသူတို့သည် ငါနှင့်အတူသွားလာ
ကြလိမ့်မည်၊ သူတို့နှင့် ထိုက်တန်သောဖြူစင်သည့်
ဝတ်ရုံများကို ဝတ်ဆင်စေမည်။ ၅ အောင်နိုင်သော
သူတို့ကိုလည်း ထိုကဲ့သို့ ဖြူစင်သောအဝတ်မျိုးကို
ဝတ်ဆင်စေမည်။ ထိုသူ၏ အမည်ကို အသက်စာ
စောင်ထဲမှ ငါနုတ်ယူမည်မဟုတ်။ သူသည် ငါနှင့်
သက်ဆိုင်သည်ဟု ခမည်းတော်နှင့် သူ၏ကောင်း
ကင်တမန်များရှေ့၌ ငါ ဝန်ခံမည်။ ၆ ဝိညာဉ်တော်
သည် အသင်းတော်များအား မိန့်တော်မူသောစကား
ကို ကြားရသူတိုင်း နာခံရမည်။

### ဖိလဒေလဖိအသင်းတော်ထံသို့ ပေးသောစာ

၇ “ဖိလဒေလဖိအသင်းတော်၏ တမန်ထံသို့
ဤစာကို ရေးလိုက်ပါ၏။
“သန့်ရှင်းဖြောင့်မတ်သောသူတစ်ပါးက သင်
တို့အား ဤစကားကို မိန့်ကြားတော်မူသည်။ ဒါဝိဒ်
၏သော့ကို သူကိုင်ထားသည်။ သူ ဖွင့်ထားသည့်
အရာများကို အဘယ်သူမျှ မပိတ်နိုင်။ သူပိတ်
ထားသည့်အရာများကိုလည်း အဘယ်သူမျှ မဖွင့်
နိုင်။ ၈ သင်တို့ကျင့်သော အကျင့်ကို ငါသိသည်။
သင်တို့ရှေ့၌ တံခါးကို ငါဖွင့်ထား၏။ မည်သူမျှ ထို
တံခါးကို မပိတ်နိုင်။ သင်တို့ အားနည်းသည်ကို
ငါသိသည်။ သို့သော် ငါသွန်သင်သည့်အတိုင်း သင်
တို့ လိုက်နာကြသည်။ ငါ၏နာမကို ဝန်ခံရန် သင်
တို့မကြောက်ကြပါ။ ၉ နားထောင်ကြပါ။ စာတန်
နှင့်သက်ဆိုင်သောဝတ်ပြုသည့်အဖွဲ့ *(အုပ်စု)* တစ်ဖွဲ့
ရှိသည်။ သူတို့သည် ဂျူးလူမျိုးဖြစ်သည်ဟု ဆိုကြ
၏။ သို့သော် သူတို့လိမ်ညာနေကြ၏။ သူတို့သည်
ဂျူးလူမျိုးအစစ်အမှန် မဟုတ်ပါ။ ထိုသူတို့အား သင်
တို့၏ခြေရင်းသို့လာ၍ ငါ ပြပ်ဝပ်စေမည်။ သင်တို့
ကို ငါချစ်ကြောင်းကို သူတို့ သိကြလိမ့်မည်။
၁၀ စိတ်ရှည်စွာဖြင့် သည်းခံကြရန် ငါ၏ မိန့်တော်မူ
ချက်ကို သင်တို့ နာခံကြ၏။ ထို့ကြောင့် တစ်ကမ္ဘာ
လုံး ဘေးဒုက္ခရောက်ချိန်၌ သင်တို့ကို ငါကာကွယ်
မည်။ ထိုဘေးဒုက္ခသည် ကမ္ဘာပေါ်ရှိလူသားများကို
စစ်ကြောလိမ့်မည်။
၁၁ ငါအမြန်ကြွလာမည်။ ယခုဖြစ်သည်အတိုင်း
ဆက်လက်၍ တည်ကြည်စွာနေကြပါ။ သို့မှသာ
သင်တို့၏သရဖူ *(ဆု)* ကို မည်သူမျှ လုယူသွားနိုင်
မည်မဟုတ်ပါ။ ၁၂ အောင်နိုင်သောသူကို ငါ၏ဘုရား
သခင်ဗိမာန်တော်၌ တိုင်ဖြစ်စေမည်။ ထိုသူ၏အပေါ်
၌ ငါ၏ဘုရားသခင်၏နာမတော်ကိုလည်းကောင်း
ငါ၏ ဘုရားသခင်မြို့တော်၏နာမကိုလည်းကောင်း
ငါရေးထားမည်။ ထိုမြို့တော်သည် ယေရုရှလင်
မြို့သစ်ဖြစ်သည်။ ထိုမြို့တော်သည် ကောင်းကင်
ဘုံ၌ရှိသော ငါ၏ဘုရားသခင်ထံမှ ဆင်းလာမည်။
ထိုသူ၏အပေါ်၌ ငါ၏နာမအသစ်ကိုလည်း ငါရေး
ထားမည်။ ၁၃ ဝိညာဉ်တော်သည်အသင်းတော်များ
အား မိန့်တော်မူသောစကားကို ကြားရသူတိုင်း
နာခံရမည်။

### လောဒိကိအသင်းတော်သို့ရေးသောစာ

၁၄ “လောဒိကိအသင်းတော်၏ တမန်ထံသို့ ဤ
စာကို ရေးလိုက်ပါ၏။
“သင်တို့ကို ဤအရာများအား မိန့်ဆိုသူကား
‘အာမင်’ဖြစ်၏။ သူသည် သစ္စာရှိ၍ စစ်မှန်သော
သက်သေဖြစ်တော်မူသည်။ ဘုရားသခင်ဖန်ဆင်း
သောအရာအားလုံးကို အုပ်စိုးသောသူ ဖြစ်တော်မူ
၏။ ထိုသူက ဤသို့မိန့်တော်မူ၏။ ၁၅ သင်တို့လုပ်
ဆောင်နေကြသည့်အရာကို ငါသိသည်။ သင်တို့
သည် အပူလည်း မဟုတ်၊ အအေးလည်းမဟုတ်၊
သင်တို့သည် ပူလျှင်ပူ၊ အေးလျှင် အေးရန် ငါ
အလိုရှိ၏။ ၁၆ သို့သော် သင်တို့သည် မပူမအေး
နွေးရုံသာ နွေးသည်။ ထို့ကြောင့် သင်တို့ကို ငါ၏
ပါးစပ်ထဲမှ ထွေးထုတ်ပစ်ရန် အဆင်သင့်ရှိသည်။
၁၇ သင်တို့သည် ကြွယ်ဝချမ်းသာသည်ဟု ပြောကြ
သည်။ မည်သည့်အရာမျှလိုလေသေးမရှိ ကြွယ်ဝ
ချမ်းသာသည်ဟု သင်တို့ ထင်နေကြသည်။ သို့

သော်သင်တို့သည်ဆင်းရဲခြင်း၊ မျက်စိကန်းခြင်းနှင့်
အဝတ်အချည်းစည်းရှိသဖြင့် အလွန်သနားဖွယ်
ကောင်းသည်ကို မသိကြပါ။ ၁၈ မီးနှင့် သန့်စင်ထား
သော ရွှေများကို ငါ့ထံမှ ဝယ်ယူရန် ငါအကြံပေးလို
သည်။ သို့မှသာ သင်တို့သည် အမှန်ချမ်းသာမည်။
ဖြူစင်သောအဝတ်ကိုလည်း ဝယ်ပါဟု ငါပြော၏။
သို့မှသာ အဝတ်အချည်းစီးရှိ၍ ရှက်ခြင်းကို ဖုံးနိုင်
မည်။ သင့်မျက်စိအတွက် ဆေးဝယ်ရန် ငါပြောလို
သည်။ သို့မှသာ သင်အမှန်တကယ်မြင်နိုင်မည်။
၁၉ "ငါချစ်သောသူများကို ငါစစ်ဆေးပြီး ဆုံးမ
သည်။ ထို့ကြောင့် စ၍ကြိုးစားအားထုတ်ပါ။ သင်
တို့၏ စိတ်နှလုံးနှင့်အသက်တာကို ပြောင်းလဲစေ
ကြပါ။ ၂၀ ငါသည် တံခါးဝ၌ ရပ်၍ တံခါးကို ခေါက်
လျက်နေ၏။ ငါ၏အသံကိုကြား၍ တံခါးကို ဖွင့်
လျှင် ထိုသူနှင့်အတူ စားသောက်ရန် ငါဝင်မည်။
ထိုသူသည်လည်း ငါနှင့်အတူ စားသောက်ရလိမ့်
မည်။
၂၁"အောင်နိုင်သောသူတိုင်းကို ငါနှင့်အတူ ငါ
၏ပလ္လင်တော်၌ထိုင်ခွင့်ပေးမည်။ ငါသည် အောင်
မြင်မှုကို ရသောကြောင့် ခမည်းတော်နှင့်အတူ
သူ၏ပလ္လင်တော်၌ ထိုင်ခွင့်ရသည့်နည်းတူ ထိုသူ
တို့လည်းဖြစ်ကြမည်။ ၂၂ ဝိညာဉ်တော်သည် အသင်း
တော်များအား မိန့်တော်မူသောစကားကို ကြားရသူ
တိုင်းနာခံရမည်။

## ကောင်းကင်ဘုံကို ယောဟန်မြင်ရခြင်း

၄ ငါကြည့်ရှုသည်တွင် ငါ၏ ရှေ့၌ ကောင်းကင်
ဘုံတံခါးသည် ပွင့်လျက်ရှိ၏။ ငါ့ကို ပြောသော
အသံနှင့်တူသောအသံကို ကြားရသည်။ တံပိုးခရာ
နှင့်တူသော အသံဖြစ်၏။ ထိုအသံက "အပေါ်ကို
တက်လာပါ"ဟု ပြော၏။ နောင်တွင်ဖြစ်ပေါ်လာ
မည့်အရာကို ငါသင့်ကိုပြမည်။ ၂ ထို့နောက် ဝိညာဉ်
တော်က ငါ့အား အုပ်စိုးတော်မူ၏။ ငါ့ရှေ့တွင်
ကောင်းကင်ပလ္လင်ရှိနေသည်။ ပလ္လင်တော်ပေါ်
တွင် ထိုင်သောသူလည်းရှိသည်။ ၃ ပလ္လင်ပေါ်တွင်
ထိုင်နေသောသူသည် နဂါးသွဲ့ကျောက်၊ ပတ္တမြား
နှင့်တူသော အဖိုးတန်ကျောက်များနှင့်တူ၏။ ပလ္လင်
တော်၏ ဘေးပတ်လည်တွင် မြကျောက်အဆင်း
အရောင်ရှိသော သက်တန့်ရှိ၏။ ၄ ပလ္လင်၏ ဘေး
ပတ်လည်တွင် အခြားသောပလ္လင်နှစ်ဆယ့်လေးခု
ရှိသည်။ ထိုပလ္လင်နှစ်ဆယ့်လေးခုအပေါ်တွင် အ
သက်ကြီးသူနှစ်ဆယ့်လေးဦးထိုင်နေ၏။ ထိုအသက်
ကြီးသူတို့သည် အဝတ်ဖြူကို ဝတ်ဆင်လျက် သူတို့
၏ဦးခေါင်းပေါ်တွင် ရွှေသရဖူများကို ဆောင်းထား
ကြ၏။ ၅ ပလ္လင်ပေါ်မှ လျှပ်စီးများလက်ပြီး မိုးကြိုး
သံများထွက်ပေါ်လာသည်။ ပလ္လင်၏ရှေ့တွင် မီးအိမ်
ခုနစ်လုံး ထွန်းလျက်ရှိသည်။ ထိုမီးအိမ်များသည်
ဘုရားသခင်၏ ဝိညာဉ်တော် ခုနစ်ပါးဖြစ်သည်။
၆ထိုပလ္လင်၏ရှေ့တွင်ပင် မှန်ပင်လယ်နှင့်တူသော
အရာရှိသည်။ ထိုအရာသည် ကျောက်သလင်းကဲ့
သို့ ကြည်လင်နေသည်။

ပလ္လင်၏ အရှေ့နှင့် ဘေးတစ်ဘက်စီတွင်
သတ္တဝါလေးပါးရှိ၏။ ထိုသတ္တဝါလေးပါး၏ရှေ့ဘက်
နှင့် ကျောဘက်တွင် မျက်စိများနှင့်ပြည့်နေသည်။
၇ ပထမသတ္တဝါသည် ခြင်္သေ့နှင့်တူသည်။ ဒုတိယ
သည် နွားနှင့်တူသည်။ တတိယသည် လူကဲ့သို့
မျက်နှာရှိသည်။ စတုတ္ထသတ္တဝါသည် ပျံနေသော
လင်းယုန်ငှက်ကဲ့သို့ဖြစ်သည်။ ၈ ဤသတ္တဝါလေး
ပါးမှ တစ်ပါးစီတွင် အတောင်ပံခြောက်ခုစီရှိ၏။
ဤသတ္တဝါများ၏ အတွင်းအပြင်အားလုံးကို မျက်စိ
များဖြင့် ဖုံးအုပ်ထားသည်။ ဤသတ္တဝါလေးပါးက

'အနန္တတန်ခိုးရှင် ဘုရားသခင်သည်
သန့်ရှင်း၊ သန့်ရှင်း၊ သန့်ရှင်းတော်မူ၏'
ကိုယ်တော်သည် အတိတ်၊ ပစ္စုပ္ပန်နှင့်
အနာဂတ်ကာလတို့တွင်
အစဉ်အမြဲရှိတော်မူပြီး ကြွလာတော်
မူနေလေသည်'

ဟု နေ့ညမပြတ်ပြော ဆိုကြ၏။
၉ထိုသတ္တဝါလေးပါးသည် ပလ္လင်ပေါ်တွင်ထိုင်
၍ အစဉ်အမြဲအသက်ရှင်တော်မူသော သူ၏ဘုန်း
အသရေတော်နှင့် ဂုဏ်ကျေးဇူးတော်ကို ချီးမွမ်းကြ
သည်။ ၁၀ ထိုသို့သတ္တဝါလေးပါးတို့သည် ချီးမွမ်း
ခြင်းကို ပြုစဉ်တွင် အသက်ကြီးသူနှစ်ဆယ့်လေးဦး
တို့သည် ပလ္လင်တော်ပေါ်တွင် ထိုင်နေသူအားပြပ်
ဝပ်လျက် အစဉ်အမြဲအသက်ရှင်သောသူကို ကိုး
ကွယ်ကြသည်။ အသက်ကြီးသူများသည် ပလ္လင်တော်
ရှေ့တွင် မိမိတို့၏သရဖူများကိုချပြီး

၁၁ 'ကျွန်ုပ်တို့၏သခင်နှင့်ဘုရားရှင်
ကိုယ်တော်သည် ခပ်သိမ်းသော
ဘုန်းအသရေ၊ ဂုဏ်တော်နှင့်
တန်ခိုးတော်ကို ရယူရန်ထိုက်တန်ပါ၏၊
အဘယ်ကြောင့်ဆိုသော် ကိုယ်တော်သည်
တည်ရှိနေသည့် အရာခပ်သိမ်းတို့ကို
အလိုတော်အတိုင်း

စီရင်ပြုပြင်တော်မူသည်’
ဟု ပြောဆို ကြသည်။

**စာလိပ်ကို မည်သူဖွင့်နိုင်သနည်း။**

၅ ပလ္လင်တော်ပေါ်တွင် ထိုင်နေသော သူ၏
လက်ယာဘက်တွင် စာတစ်လိပ်ကို ငါ တွေ့
ရ၏။ ထိုစာလိပ်၏စာမျက်နှာနှစ်ဘက်စလုံးတွင်
စာများရေးသားထားသည်။ ထိုစာလိပ်ကို တံဆိပ်
ခုနှစ်ခုခပ်နှိပ်ထားသည်။ [၂] ထို့နောက်တန်ခိုးကြီး
သော ကောင်းကင်တမန် တစ်ပါးကို တွေ့ရသည်။
ထိုကောင်းကင်တ မန်က “တံဆိပ်ကိုချိုးဖျက်ပြီး
စာလိပ်ကို မည်သူဖွင့်ထိုက်သနည်း” ဟု ကျယ်
လောင်သောအသံနှင့် ကြွေးကြော်၏။ [၃] သို့သော်
ကောင်းကင်ဘုံနှင့် မြေကြီးအောက်တွင် ရှိသော
သူတို့၌ အဘယ်သူမျှ စာလိပ်ကို ဖွင့်၍ ကြည့်ရန်
တတ်စွမ်းနိုင်သူမရှိပေ။ [၄] ထိုစာလိပ်ကိုဖွင့်၍ကြည့်
ရန် ထိုက်သောသူတစ်ယောက်မျှ မရှိသောကြောင့်
ငါသည် ငိုကြွေးလျက်နေ၏။ [၅] သို့သော် အသက်ကြီး
သူတစ်ဦးက ငါ့အား “မငိုနှင့်၊ဂျူးလူမျိုး၊ ဒါဝိဒ်အနွယ်
မှ အောင်နိုင်သောသူ ခြင်္သေ့(ခရစ်တော်) သည်
ထိုတံဆိပ်ခုနှစ်ခုရှိသော စာလိပ်ကို ဖွင့်နိုင်စွမ်းရှိ
သည်”ဟု ပြော၏။
[၆] ထို့နောက် သတ္တဝါလေးပါးခြံရံလျက် ပလ္လင်
တော်၏အလယ်တွင်ရပ်နေသောသိုးသငယ်ကို ငါ
တွေ့ရ၏။ ထိုသိုးသငယ်၏ဘေးပတ်လည်တွင်လည်း
အသက်ကြီးသူတို့ရှိ၏။ ထိုသိုးသငယ်သည် အသတ်
ခံရပြီးသကဲ့သို့ ဖြစ်၏။ ချိုခုနှစ်ချောင်းနှင့် မျက်စိ
ခုနှစ်လုံးရှိသည်။ ထိုအရာများသည် လောကကိုစေ
လွှတ်ခြင်းခံရသော ဘုရားသခင်၏ ဝိညာဉ်တော်
များဖြစ်၏။ [၇] ပလ္လင်တော်ပေါ်တွင် ထိုင်နေသော
သူ၏ လက်ယာလက်တော်၌ရှိသော စာလိပ်ကို
သိုးသငယ်သည်လာ၍ ယူလိုက်သည်။ [၈] စာလိပ်ကို
ယူပြီးသောအခါ အသက်ကြီးသူ နှစ်ဆယ့်လေး
ယောက်နှင့် သတ္တဝါလေးပါးတို့သည် သိုးသငယ်
ရှေ့တွင် ပြပ်ဝပ်ကြ၏။ သူတို့တစ်ဦးစီတွင် စောင်း
တစ်လက်စီ ရှိသည်။ နံ့သာပေါင်းစုံနှင့်ပြည့်သော
ရွှေ ဖလားများကိုလည်း ကိုင်ဆောင်ထားသည်။
ထို နံ့သာပေါင်းစုံနှင့် ပြည့်သောဖလားများသည်
ဘုရားသခင်၏သန့်ရှင်းသူများ(*ယုံကြည်သူများ*)၏
ဆုတောင်းချက်များဖြစ်သည်။ [၉] သီချင်းသံအသစ်
ဖြင့် သိုးသငယ်ကို ချီးမွမ်းကြသည်။
“စာလိပ်ကိုယူ၍ တံဆိပ်တော်ကို ဖွင့်ရန်
သင်တစ်ပါးတည်းသာ ထိုက်တန်
တော်မူသည်၊ အဘယ်ကြောင့်ဆိုသော်
သင်သည်အသေသတ်ခြင်းကို ခံရသည်၊
သင်၏အသွေးတော်(*သေခြင်း*)ဖြင့်
ဘုရားသခင်အတွက် လူအပေါင်း
တို့ကို ဝယ်ယူတော်မူသည်၊
သင်သည် တိုင်းနိုင်ငံအသီးသီး၌
ရှိသည့် ဘာသာစကားအသီးသီးကို
ပြောသော လူမျိုးနွယ်စုများအထဲမှ
ငါတို့ကို ရွေးနှုတ်တော်မူပြီး၊
[၁၀] ထိုသူတို့ကို နိုင်ငံတော်တစ်ခုဖြစ်စေ
တော်မူသည်၊ ဘုရားသခင်၏
ယဇ်ပုရောဟိတ်ဖြစ်ရန်လည်း
ဤလူများကို ခန့်ထားသည်၊
ထိုသူတို့သည် မြေကြီးပေါ်တွင်
အုပ်စိုးကြလိမ့်မည်၊

[၁၁] ထို့နောက် ငါကြည့်လိုက်သော် ပလ္လင်တော်၊
သတ္တဝါလေးပါးနှင့် အသက်ကြီးသူများ၏ ဘေး
ပတ်လည်တွင်ထောင်ပေါင်းများစွာသောကောင်း
ကင်တမန်များကို တွေ့ရသည်။ ထိုကောင်းကင်
တမန်အစုတွင်ကောင်းကင်တမန်ဦးရေတစ်သောင်း
ရှိသည်။ [၁၂] ကောင်းကင်တမန်များက

“အသတ်ခံရသော သိုးသငယ်သည်
တန်ခိုး၊ စည်းစိမ်၊ ဉာဏ်ပညာနှင့်
ခွန်အားရှိသမျှကို ပိုင်တော်မူပြီး
ဂုဏ်အသရေ၊ ဘုန်းစည်းစိမ်နှင့်
ချီးမွမ်းခြင်းကို ခံယူထိုက်သည်”

ဟု ကျယ်လောင်သောအသံဖြင့် ပြောဆိုကြသည်။
[၁၃] ထို့နောက်ကောင်းကင်ဘုံ၊ မြေကြီးပေါ်၊ မြေ
ကြီးအောက်နှင့် ပင်လယ်ထဲ၌ရှိသော အသက်ရှိ
သော သတ္တဝါအားလုံးတို့က
‘ပလ္လင်ပေါ်တွင် ထိုင်နေသောသူနှင့်
သိုးသငယ်သည် ကမ္ဘာအဆက်ဆက်
ချီးမွမ်းခြင်း၊ဂုဏ်အသရေ၊ဘုန်းအာနုဘော်နှင့်
တန်ခိုးရှိတော်မူစေသတည်း’
ဟု ပြောဆိုကြသည်။
[၁၄] သတ္တဝါလေးပါးက “အာမင်”ဟု ပြောကြ
သည်။ အသက်ကြီးသူတို့သည်လည်း ပြပ်ဝပ်၍
ကိုးကွယ်ကြ၏။

## စာလိပ်ကို သိုးသငယ်က ဖွင့်ခြင်း

၆ တံဆိပ်ခုနစ်ခုထဲက ပထမတံဆိပ်ကို သိုးသ
ငယ်ဖွင့်သည်ကို ကျွန်ုပ်ကြည့်စဉ်တွင် မိုးကြိုး
သံကဲ့သို့သောအသံနှင့်ပြောသော သတ္တဝါလေးပါး
ထဲက တစ်ပါး၏အသံကိုကြားရ၏။ ၎င်းမှာ "လာခဲ့"
ဟူသော စကားသံဖြစ်၏။ ၂ ကျွန်ုပ် ကြည့်သောအခါ
မြင်းဖြူတစ်ကောင်ကို တွေ့ရ၏။ မြင်းစီးသူသည်
လေးကို ကိုင်ထား၏။ မြင်းစီးသူကို သရဖူပေးထား
၏။ သူသည် ထွက်သွားလေရာ ရန်သူကိုအောင်နိုင်
၏။ သူသည် အောင်မြင်ခြင်းကိုရရန် ထွက်သွား၏။
၃ သိုးသငယ်သည် ဒုတိယတံဆိပ်ကိုဖွင့်သော
အခါ ဒုတိယသတ္တဝါ၏ "လာခဲ့"ဟူသော စကားသံ
ကို ကြားရ၏။ ၄ ထိုအခါ မြင်းနီတစ်ကောင် ထွက်
လာ၏။ ကမ္ဘာပေါ်မှ ငြိမ်သက်မှုကို ပယ်ရှင်းနိုင်
သောတန်ခိုးကို မြင်းစီးသောသူအား ပေးထား၏။
အချင်းချင်းတစ်ဦးနှင့်တစ်ဦး သတ်ဖြတ်စေနိုင်သော
တန်ခိုးနှင့် ကြီးမားသော ဓားကိုလည်း ပေးထား၏။
၅ သိုးသငယ်သည် တတိယတံဆိပ်ကို ဖွင့်
သောအခါ တတိယသတ္တဝါ၏ "လာခဲ့" ဟူသော
အသံကို ကြားရ၏။ ငါကြည့်သောအခါ မြင်းနက်
တစ်ကောင်ကို တွေ့ရ၏။ မြင်းစီးသော သူ၏ လက်
ထဲတွင် ချိန်ခွင်ကို ကိုင်ထား၏။ ၆ ထို့နောက် အသံ
တစ်သံကို ငါကြား၏။ ထိုအသံသည် သတ္တဝါလေး
ပါးရှိသောနေရာမှလာသည်။ ထိုအသံက "တစ်ရက်
လုပ်ခအတွက် ဂျုံတစ်ခွက်နှင့် တစ်ရက်လုပ်ခ အ
တွက် မုယောဆန်သုံးခွက်ကို ရသည်။ ဆီနှင့်စပျစ်
ရည်ကို မပြတ်စေနှင့်"ဟု ဆို၏။
၇ သိုးသငယ်သည် စတုတ္ထတံဆိပ်ကိုဖွင့်သော
အခါ စတုတ္ထသတ္တဝါ၏ "လာခဲ့"ဟူသော အသံကို
ငါကြားရသည်။ ၈ ငါ ကြည့်သောအခါ မြင်းမွဲတစ်
ကောင်ကို တွေ့ရသည်။ မြင်းစီးသောသူသည် သေ
ခြင်းဖြစ်၏။ သေမင်းနိုင်ငံသည် သူ၏နောက်မှ လိုက်
ပါလာသည်။ ကမ္ဘာ၏လေးပုံတစ်ပုံအပေါ် စီရင်ခွင့်
တန်ခိုးကို သူတို့အားပေး၏။ ဓားဘေး၊ ငတ်မွတ်
ခြင်းဘေး၊ ရောဂါများဘေးနှင့် ကမ္ဘာပေါ်ရှိ တိရစ္ဆာန်
ရိုင်းများအားဖြင့် လူတို့ကိုသတ်ရန် အခွင့်ပေးထား
သည်။
၉ သိုးသငယ်သည် ပဉ္စမတံဆိပ်ကို ဖွင့်သော
အခါ ယဇ်ပလ္လင်အောက်၌ ဝိညာဉ်အချို့ကို တွေ့ရ
သည်။ ထိုဝိညာဉ်များမှာ သမ္မာတရားအားဖြင့်လည်း
ကောင်း၊ ဘုရားသခင်၏နှုတ်ကပတ်တော်အပေါ်
သစ္စာရှိသောကြောင့် လည်းကောင်း၊ အသတ်ခံရ
သောဝိညာဉ်များ ဖြစ်သည်။ ၁၀ ထိုဝိညာဉ်များသည်
"သန့်ရှင်း၍ဖြောင့်မတ်သောသခင် ငါတို့ကိုသတ်
သောသူများကို မည်သည့်အချိန်၌ စီရင်တော်မူ
မည်နည်း"ဟု ကျယ်လောင်သောအသံဖြင့် ကြွေး
ကြော်ကြသည်။ ၁၁ ထို့နောက် ထိုဝိညာဉ်တစ်ပါး
ချင်းအား ဝတ်ရုံဖြူတစ်စုံစီကို ပေးလေသည်။ ထို
ဝိညာဉ်များအား သူတို့ကဲ့သို့ အသတ်ခံရမည့် ခရစ်
တော်၏အမှုဆောင်သော ညီအစ်ကိုများ သတ်ဖြတ်
ခံရခြင်းအားလုံး ပြီးစီးသည့်တိုင် စောင့်ဆိုင်းရန်
ပြောထားသည်။
၁၂ ဆဋ္ဌမတံဆိပ်ကို သိုးသငယ်ဖွင့်သည်ကို ငါ
ကြည့်နေစဉ် ကြီးမားသောငလျင်လှုပ်၏။ နေသည်
နက်သောအမွေးဖြင့် ပြုလုပ်ထားသော အထည်ကဲ့
သို့ မည်းမှောင်သွားသည်။ လသည်လည်း သွေး
ကဲ့သို့ နီသွား၏။ ၁၃ လေပြင်းတိုက်သောကြောင့်
သင်္ဘောသဖန်းပင်မှ အသီးများကြွေကျသကဲ့သို့
ကြယ်များ သည် မိုးကောင်းကင်မှ ကြွေကျလေ၏။
၁၄ မိုးကောင်းကင်သည် နှစ်ခြမ်းကွဲသွားပြီး စာလိပ်
လိပ်သကဲ့သို့ လွင့်သွား၏။ တောင်နှင့်ကျွန်းများ
သည်လည်း နေရာမှ ရွေ့သွားကြ၏။
၁၅ လူများသည်လည်းဂူများအထဲ၌လည်းကောင်း
တောင်ပေါ်ရှိ ကျောက်များအနောက်တွင်လည်း
ကောင်း ပုန်းရှောင်နေကြ၏။ ထိုသူတို့တွင် ကမ္ဘာ
ကို အုပ်စိုးသောဘုရင်များ အုပ်စိုးသူများ၊ စစ်သူကြီး
များ၊ ကြွယ်ဝချမ်းသာသူများနှင့် တန်ခိုးရှိသူများ
ပါ၏။ ကျွန် ဖြစ်စေ၊ လူလွတ်ဖြစ်စေ လူသားအားလုံး
ပုန်းရှောင်နေကြရ၏။ ၁၆ လူတို့သည် တောင်နှင့်
ကျောက်များကို 'ငါတို့အပေါ် ပြိုကျကြပါ၊ ပလ္လင်
ပေါ်တွင် ထိုင်သောသူ၏မျက်နှာမှ ငါတို့ကို ဖုံး
ကွယ်ပေးပါ၊ သိုးသငယ်၏ ဒေါသမှ ဖုံးကွယ်ပေး
ပါ'ဟု ပြောဆိုကြသည်။ ၁၇ သူတို့၏ ဒေါသအမျက်
ထွက်ရာနေ့ရက်ကြီးရောက်လာပြီ။ အဘယ်သူမျှ
မခံမရပ်နိုင်ဟု ပြောဆိုကြသည်။

## ဣသရေလလူမျိုး ၁၄၄၀၀၀

၇ ထို့နောက် ကမ္ဘာ၏ထောင့်စွန်းလေးဘက်လေး
တန်တွင် ကောင်းကင်တမန်လေးပါးကို တွေ့
ရ၏။ ထိုကောင်းကင်တမန်များသည် ကမ္ဘာ၏အရပ်
လေးမျက်နှာရှိလေ ကိုထိန်းထားကြသည်။ သူတို့သည်
မြေကြီးပေါ် ပင်လယ်ပေါ်နှင့် သစ်ပင်များအပေါ်
လေမတိုက်နိုင်ရန် ရပ်တန့်စေကြသည်။ ၂ ထို့နောက်
အရှေ့မှလာသော အခြားကောင်းကင်တမန်တစ်ပါး

ကို ငါမြင်ရ၏။ ထိုကောင်းကင်တမန်၌ အသက်
ရှင်သော ဘုရားသခင်၏ တံဆိပ်တော်ရှိ၏။ ထို
ကောင်းကင်တမန်သည် ကျယ်လောင်သောအသံ
ဖြင့် ကောင်းကင်တမန်လေးပါးကို ဟစ်ခေါ် လိုက်
သည်။ ထိုတမန်တော်များမှာ မြေကြီးနှင့် ပင်လယ်
ကိုထိခိုက်နိုင်သောတန်ခိုးကိုရထားသည့် ကောင်း
ကင်တမန်လေးပါးတို့အား ထိုကောင်းကင်တမန်
ပြောဆိုသည်မှာ ၃ “ငါတို့ ဘုရားသခင်၏အမှုတော်
ကို ဆောင်သောသူများအား တံဆိပ်မခတ်နှိပ်မီ
တွင် မြေကြီးပင်လယ်နှင့် သစ်ပင်များကို မထိခိုက်
ကြပါစေနှင့်။ သူတို့၏နဖူးပေါ်တွင် ငါတို့သည်
တံဆိပ်ခတ်ထားရမည်”ဟူ၍ဖြစ်၏။ ၄ ထိုတံဆိပ်
ခတ်နှိပ်ခြင်း ခံရသူအရေအတွက်ကို ငါကြားရသည်။
သူတို့သည် ဂျူးလူမျိုးမိသားစုများထဲမှ ဖြစ်၏။ အရေ
အတွက်မှာ တစ်သိန်းလေးသောင်းလေးထောင်
ဖြစ်သည်။

၅ ယုဒမိသားစုမှ တစ်သောင်းနှစ်ထောင်
ရုဗင်မိသားစုမှ တစ်သောင်းနှစ်ထောင်
ဂဒ်မိသားစုမှ တစ်သောင်းနှစ်ထောင်
၆ အာရှာမိသားစုမှ တစ်သောင်းနှစ်ထောင်
နိဿလိမိသားစုမှ တစ်သောင်းနှစ်ထောင်
မနာရှေမိသားစုမှ တစ်သောင်းနှစ်ထောင်
၇ ရှိမောင်မိသားစုမှ တစ်သောင်းနှစ်ထောင်
လေဝိမိသားစုမှ တစ်သောင်းနှစ်ထောင်
ဣသခါမိသားစုမှ တစ်သောင်းနှစ်ထောင်
၈ ဇာဗုလုန်မိသားစုမှ တစ်သောင်းနှစ်ထောင်
ယောသပ်မိသားစုမှ တစ်သောင်းနှစ်ထောင်
ဗင်္ယာမိန်မိသားစုမှ တစ်သောင်းနှစ်ထောင်

**ကြီးမားသောလူထု**

၉ ထို့နောက် ငါကြည့်သောအခါ လူများစွာကို
တွေ့ရသည်။ ထိုသူတို့သည် အလွန်များသောကြောင့်
အဘယ်သူမျှ မရေတွက်နိုင်။ သူတို့သည် ခပ်သိမ်း
သောလူမျိုးများ၊ မျိုးနွယ်စုများမှ ဘာသာစကား
အမျိုးမျိုးကို ပြောသောသူများဖြစ်သည်။ သူတို့သည်
ပလ္လင်တော်နှင့် သိုးသငယ် *(ယေရှု)*၏ရှေ့တွင် ရပ်
နေကြသည်။ သူတို့အားလုံးသည် ဝတ်ရုံ ဖြူကို
ဝတ်ဆင်လျက် လက်ထဲတွင် စွန်ပလွံခက်ကို ကိုင်
ထားကြသည်။ ၁၀ သူတို့က “အောင် မြင်ခြင်းသည်
ပလ္လင်တော်ပေါ်တွင် ထိုင်နေတော်မူသော ငါတို့
ဘုရားသခင်နှင့် သိုးသငယ်တို့နှင့်သာ သက်ဆိုင်
သည်”ဟု ကျယ်လောင်သောအသံနှင့် ကြွေးကြော်
ကြသည်။ ၁၁ အသက်ကြီးသူများ၊ သတ္တဝါလေးပါး
နှင့် ပလ္လင်တော်ပတ်လည်တွင် ကောင်းကင်တမန်
အပေါင်းတို့သည် ရပ်နေကြ၏။ ထိုကောင်းကင်
တမန်များသည် ပလ္လင်တော်ရှေ့၌ပြပ်ဝပ်၍ ဘုရား
သခင်ကို ကိုးကွယ်ကြ၏။ ၁၂ သူတို့က “အာမင်”ဟု
ပြောပြီး ချီးမွမ်းခြင်း၊ ဘုန်းအသရေ၊ ဉာဏ်ပညာ၊
ကျေးဇူးတော်၊ ဂုဏ်အသရေ၊ တန်ခိုးနှင့် ခွန်အား
သည် ကျွန်ုပ်တို့ ဘုရားသခင်၌ အစဉ်အမြဲတည်ရှိ
ပါစေ၊ အာမင်”ဟု ဆိုကြသည်။

၁၃ ထို့နောက် အသက်ကြီးသူတစ်ယောက်က
ငါ့အား မေးသည်။ “ဝတ်ရုံဖြူနှင့်လူများသည် မည်
သူနည်း။ မည်သည့်အရပ်က လာကြသနည်း”
၁၄ ငါကလည်း “ထိုသူများတို့သည် မည်သူဖြစ်
ကြောင်းကို ကိုယ်တော်သိပါ၏”ဟု ဖြေလိုက်၏။
အသက်ကြီးသောသူက ထိုသူတို့သည် ဆင်းရဲ
ဒုက္ခကြီးမားစွာခံရခြင်းမှ လွတ်မြောက်လာသူများ
ဖြစ်ပြီး သိုးသငယ်၏အသွေးဖြင့် သူတို့၏ဝတ်ရုံများ
ကို ဆေးကြောခဲ့သည်။ ယခုသူတို့ သန့်ရှင်းဖြူစင်
သွားကြပြီ။ ၁၅ ထို့ကြောင့် ထိုသူတို့သည် ဘုရား
သခင်၏ပလ္လင်တော်ရှေ့၌ နေရကြသည်။ ဗိမာန်
တော်ထဲတွင် နေ့ညမပြတ် ဘုရားသခင်ကို ဝတ်ပြု
ကိုးကွယ်ကြသည်။ ပလ္လင်ပေါ်တွင် ထိုင်နေသော
သူ *(ဘုရားသခင်)*သည် သူတို့ကို ကွယ်ကာလိမ့်
မည်ဟု ဆိုသည်။ ၁၆ သူတို့သည် ဘယ်သောအခါမှ
အစာရေစာငတ်မွတ်ခြင်းမရှိရ၊ နေသည် သူတို့ကို
မထိခိုက်စေရ။ မည်သည့်အပူမှ သူတို့ကို မလောင်
စေရ။ အဘယ်ကြောင့်ဆိုသော် ၁၇ ပလ္လင်၏အလယ်
၌ရှိသော သိုးသငယ်သည် သူတို့၏ သိုးထိန်းဖြစ်
လိမ့်မည်။ အသက်စမ်းရေဆီသို့ သူတို့အားဦးဆောင်
လိမ့်မည်။ ဘုရားသခင်သည် သူတို့၏ မျက်ရည်
များကို အကုန်အစင်သုတ်ပေးလိမ့်မည်။

**သတ္တမတံဆိပ်**

၈ “သိုးသငယ်သည် သတ္တမတံဆိပ်ကို ဖွင့်သော
အခါ ကောင်းကင်ဘုံတွင် နာရီဝက်မျှ တိတ်
ဆိတ်သွားသည်။ ၂ ကောင်းကင်တမန်ခုနစ်ပါးသည်
ဘုရားသခင်၏ရှေ့တော်၌ ရပ်နေသည်ကို ငါတွေ့
ရ၏။ သူတို့အား တံပိုးခုနစ်ခုပေးထားသည်။

အခြားသောကောင်းကင်တမန်တစ်ပါးသည်
ယဇ်ပလ္လင်ရှေ့၌ ရပ်နေ၏။ ထိုကောင်းကင်တမန်
သည် နံ့သာထည့်ရန် ရွှေလင်ပန်းကို ကိုင်ထား၏။
ဘုရားသခင်၏သန့်ရှင်းသူများ *(ယုံကြည်သူများ)*၏
ဆုတောင်းခြင်းနှင့်အတူ ပူဇော်ရန် နံ့သာများစွာ

ကိုထိုကောင်းကင်တမန်အား ပေးထား၏။ ကောင်း
ကင်တမန်သည် ထိုပူဇော်မှုများကို ပလ္လင်တော်
ရှေ့တွင်လည်းကောင်း၊ ယဇ်ပလ္လင်ပေါ်တွင်လည်း
ကောင်း တင်ထားသည်။ ၄ နံ့သာ၏အခိုးအငွေ့များ
သည် ဘုရားသခင်လူများ၏ ဆုတောင်းခြင်းများ
နှင့်အတူ ကောင်းကင်တမန်၏လက်မှ ဘုရားသ
ခင်ထံတော်သို့တက်သွားသည်။ ၅ ထို့နောက်ကောင်း
ကင်တမန် သည် နံ့သာလင်ပန်းထဲသို့ ယဇ်ပလ္လင်
မှ မီးများနှင့် ဖြည့်ထည့်ပြီး ထိုနံ့သာလင်ပန်းကို
မြေကြီးပေါ်သို့ ပစ်ချလိုက်သည်။ ထိုအခါ လျှပ်စီး
လက်ခြင်း၊ မိုးချုန်းခြင်း၊ အသံများမြည်ဟီးခြင်းနှင့်
မြေငလျင်လှုပ်ခြင်းများ ဖြစ်လေသည်။

**ကောင်းကင်တမန်ခုနစ်ပါးကသူတို့၏တံပိုးများကို မှုတ်ခြင်း**

၆ ထိုအခါ တံပိုးခုနစ်ခုရှိသော ကောင်းကင်
တမန်ခုနစ်ပါးတို့သည် မှုတ်ရန်ပြင်ဆင်ကြ၏။
၇ ပထမကောင်းကင်တမန်သည် သူ၏ တံပိုးကို
မှုတ်လိုက်သည်။ ထိုအခါ အသွေးနှင့်ရောနှောသော
မိုးသီးနှင့် မီးကို မြေကြီးပေါ်သို့ လောင်းချလိုက်၏။
ထိုအခါ မြေကြီး၏သုံးပုံတစ်ပုံ၊ စိမ်းလန်းသော မြက်
ပင် အားလုံးနှင့် သစ်ပင်အားလုံး၏သုံးပုံတစ်ပုံသည်
မီးလောင်ကျွမ်းသွားရသည်။
၈ ဒုတိယကောင်းကင်တမန်သည် သူ၏တံပိုး
ကို မှုတ်လိုက်သည်။ ထိုအခါ မီးစွဲလောင်သည့်
တောင်နှင့်တူသောအရာကို ပင်လယ်ထဲသို့ ပစ်ချ
လိုက်သည်။ ထိုအခါ ပင်လယ်သုံးပုံတစ်ပုံသည်
သွေး ဖြစ်သွားသည်။ ၉ ပင်လယ်ထဲတွင်ရှိသော
သက်ရှိသတ္တဝါသုံးပုံတစ်ပုံတို့သည် သေကြေကြပြီး
သင်္ဘောသုံးပုံတစ်ပုံသည် ပျက်စီးသွားသည်။
၁၀ တတိယကောင်းကင်တမန်က သူ၏ တံပိုး
ကိုမှုတ်လိုက်၏။ ထိုအခါ မီးလောင်နေသည့် မီး
တုတ်ကဲ့သို့သော ကြယ်ကြီးတစ်လုံးသည် ကောင်း
ကင်မှ ကျလာသည်။ ထိုကြယ်သည် မြစ်၏သုံးပုံ
တစ်ပုံနှင့် စမ်းရေများ အပေါ်သို့ ကျလေသည်။
၁၁ ထိုကြယ်၏အမည်မှာ ဒေါနရွက်ဖြစ်သည်။ ရေ၏
သုံးပုံတစ်ပုံကို ခါးစေသည်။ ထိုခါးသောရေကို
သောက်သောကြောင့် လူများစွာ သေကြ၏။
၁၂ စတုတ္ထကောင်းကင်တမန်သည် သူ၏ တံပိုး
ကို မှုတ်လိုက်သည်။ ထိုအခါ နေ သုံးပုံတစ်ပုံ၊ လ
သုံးပုံတစ်ပုံနှင့် ကြယ်သုံးပုံတစ်ပုံတို့သည် ပျက်စီး
သွားသည်။ ထို့ကြောင့် ၎င်းတို့၏ သုံးပုံတစ်ပုံသည်
မှောင်မိုက်သွားသည်။ နေ့နှင့်ည၏ သုံးပုံတစ်ပုံသည်
လည်း အလင်းမရှိ။
၁၃ ငါ ကြည့်နေစဉ် မိုးမြင့်ပေါ်၌ ပျံနေသော
လင်းတတစ်ကောင်၏ ကျယ်လောင်သောအသံကို
ကြားရသည်။ ထိုလင်းတက “ကမ္ဘာပေါ်ရှိ လူသား
များအတွက် ဒုက္ခ၊ ဒုက္ခ၊ ဒုက္ခ”ဟု ဆိုသည်။ ထို
ဘေးဒုက္ခများသည် ကျန်ရှိသော ကောင်းကင်တ
မန်သုံးပါးတို့၏ တံပိုးမှုတ်သံကြားရပြီးနောက်စတင်
လိမ့်မည်”

**၉** ပဉ္စမကောင်းကင်တမန်သည် သူ၏ တံပိုးကို
မှုတ်သောအခါ ကမ္ဘာမြေကြီးပေါ်သို့ ကြယ်တစ်
လုံးကျလာသည်ကို ငါမြင်ရ၏။ အနက်ဆုံးသော
တွင်းသို့သွားရာ တွင်းဝသော့ကို ထိုကြယ်အား ပေး
ထား၏။ ၂ ထိုကြယ်သည် အနက်ဆုံးသောတွင်း၏
အပေါက်ကို ဖွင့်လိုက်သောအခါကြီးသောမီးဖိုမှ
ထွက်သည့်မီးခိုးကဲ့သို့ မီးခိုးမီးငွေ့များ တွင်းထဲမှ
ထွက်လာသည်။ ထိုတွင်းမှ မီးခိုးကြောင့် နေနှင့်
ကောင်းကင်သည် မှောင်၍လာသည်။ ၃ ထိုမီးခိုး
ထဲမှ ကျိုင်းကောင်များ မြေကြီးပေါ်သို့ ကျလာ၏။
၎င်းတို့အား ကင်းမြီးကောက်ကဲ့သို့ ထိုးနိုင်သော
တန်ခိုးကို ပေးထား၏။ ၄ မြေပေါ်မှာ မြက်ပင်နှင့်
မည်သည့်သစ်ပင်ကိုမျှ မထိမခိုက်စေရန် ကျိုင်း
ကောင်များကို မှာထားသည်။ နဖူးပေါ်တွင် ဘုရား
သခင်၏တံဆိပ်တော်မရှိသောသူများကိုသာ ထိခိုက်
ရန် အခွင့်ရှိသည်။ ၅ လူတို့ကို ငါးလခန့်နာကျင်
စေနိုင်သောတန်ခိုးကို ကျိုင်းကောင်များအား ပေး
ထားသည်။ သို့သော် ထိုကျိုင်းကောင်များအား လူ
တို့ကို သတ်ရန် တန်ခိုးမပေးထားချေ။ လူတို့ခံစား
ရသည့် နာကျင်ခြင်းဝေဒနာသည် ကင်းမြီးကောက်
ကိုက်သောအခါ နာသောနာကျင်မှုမျိုးဖြစ်သည်။
၆ ထိုနေ့ရက်ကာလတွင် လူတို့သည် သေနိုင်သော
နည်းလမ်းများကို ရှာကြလိမ့်မည်။ သို့သော် သူတို့
သည် ရှာ၍မတွေ့ရ။ သူတို့သည် သေချင်ကြလိမ့်
မည်။ သို့သော် သေခြင်းသည် သူတို့ထံမှ ပုန်းရှောင်
နေလိမ့်မည်။
၇ ကျိုင်းကောင်များသည် စစ်ပွဲအတွက် ပြင်
ဆင်ထားသော မြင်းများနှင့်တူသည်။ ၎င်းတို့၏
ဦးခေါင်းပေါ်၌ ရွှေသရဖူနှင့်တူသောအရာကို
ဆောင်းထားကြ၏။ သူတို့၏မျက်နှာသည် လူ၏မျက်
နှာနှင့်တူ၏။ ၈ သူတို့၏ဆံပင်သည် မိန်းမ၏ဆံပင်
နှင့်တူ၏။ သူတို့၏သွားသည် ခြင်္သေ့၏သွားကဲ့သို့
ဖြစ်၏။ ၉ ရင်အုပ် သည် သံရင်အုပ်တန်ဆာနှင့်တူ
၏။ သူတို့၏ တောင်ပံခတ်သံသည် စစ်ထွက်တိုက်

မည့် မြင်းနှင့် မြင်းလှည်းများ စစ်ချီသောအသံနှင့်
တူ၏။ ၁၀ ကျိုင်းကောင်တို့မှာ ကင်းမြီးကောက်ကဲ့
သို့ ထိုးနိုင်သော အမြီးရှိ၏။ လူတို့ကို ငါးလတိုင်
အောင် နာကျင်ခြင်းဝေဒနာပေးနိုင်သော တန်ခိုး
သည် သူတို့၏အမြီး၌ရှိ၏။ ၁၁ ထိုကျိုင်းကောင်များ
၌ ဘုရင်ရှိသည်။ ထိုဘုရင်မှာ အဆုံးမရှိအောင်
နက်သောတွင်း၏ တမန်ဖြစ်သည်။ သူ၏အမည်မှာ
ဟေဗြဲဘာသာဖြင့် အဗဒ္ဒုန်ဟူ၍လည်းကောင်း၊ ဟေ
လသဘာသာဖြင့် အပေါလျုန် *(ဖျက်ဆီးသူ)* ဟူ၍
လည်းကောင်းခေါ်တွင်သည်။
၁၂ ပထမကပ်ဆိုးကြီးသည် လွန်သွားလေပြီ။
နောက်ထပ်ကြီးမားသော ကပ်ဆိုးနှစ်ခု ထပ်၍ လာ
လိမ့်မည်။
၁၃ ဆဌမကောင်းကင်တမန်သည် တံပိုးကို
မှုတ်လိုက်သောအခါ ဘုရားသခင်၏ ရှေ့တော်၌ရှိ
သော ရွှေယဇ်ပလ္လင်ပေါ်ရှိ ချိုလေးချောင်းမှ ထွက်
လာသောအသံကို ငါကြားရ၏။ ၁၄ ထိုအသံက
“ဥဖရတ်မြစ်၌ ချည်နှောင်ထားသော ကောင်းကင်
တမန်လေးပါးကို လွှတ်လိုက်ပါ”ဟု တန်ခိုးရှိသော
ဆဌမကောင်းကင်တမန်ကို ပြောလိုက်သည်။ ၁၅ ထို
ကောင်းကင်တမန်လေးပါးကို ဤနှစ်၊ လ၊ ရက်၊
နာရီအ တွက် အဆင်သင့်ဖြစ်ရန် စီမံထားခဲ့သည်။
ထိုကောင်းကင်တမန်များကို ကမ္ဘာ့လူဦးရေ၏ သုံးပုံ
တစ်ပုံအား သတ်ဖြတ်ရန် စေလွှတ်လိုက်ခြင်းဖြစ်
သည်။ ၁၆ ၎င်းတို့၏စစ်တပ်ထဲတွင် မြင်းစီးသူအရေ
အတွက်မှာ (၂) အသင်္ချေဖြစ်၏။
၁၇ ငါတို့၏ရူပါရုံတွင် မြင်းများနှင့် မြင်းစီးသူ
များကို တွေ့သည်။ သူတို့ကို ဤကဲ့သို့တွေ့ရ၏။
မီးကဲ့သို့ နီသောအရောင်၊ နက်ပြာရောင်နှင့် ကန့်
ကဲ့သို့ ဝါသောအရောင်ရှိသည့် ရင်အုပ်တန်ဆာရှိ
သည်။ မြင်း၏ဦးခေါင်းမှာ ခြင်္သေ့၏ ဦးခေါင်းနှင့်
တူ၏။ မြင်း၏ပါးစပ်ထဲမှ မီး၊ မီးခိုးနှင့် ကန့်များ
ထွက်လာသည်။ ၁၈ ကမ္ဘာလူဦးရေ၏ သုံးပုံတစ်ပုံ
သည် ထိုဆိုးယုတ်သော မြင်းတို့၏ပါးစပ်မှ ထွက်
လာသော မီး၊ မီးခိုးနှင့်ကန့်တို့ကြောင့် သေကြရ
သည်။ ၁၉ မြင်းတို့၏ တန်ခိုးသည် ၎င်းတို့၏ပါးစပ်
နှင့်အမြီးတွင်ရှိ၏။ ၎င်းတို့၏အမြီးသည် မြွေကဲ့သို့
ဖြစ်ပြီး လူတို့ကို နာကျင်အောင် ကိုက်နိုင်သော
ဦးခေါင်းရှိသည်။ ၂၀ ကမ္ဘာပေါ်ရှိ လူတစ်ချို့သည်
ထိုဆိုးယုတ်သောအရာများကြောင့် အသေမခံရ။
သို့သော် သူတို့၏ လက်ဖြင့် ပြုလုပ်သောအရာများ
ကိုစွန့်ပစ်ရန် သူတို့၏စိတ်နှလုံးနှင့်အသက်တာကို
မပြောင်းလဲနိုင်ကြချေ။ သူတို့သည် မမြင်၊ မကြား၊
မသွားနိုင်သော ရွှေ၊ ငွေ၊ ကြေးဝါ၊ ကျောက်နှင့်
သစ်သားဖြင့် ပြုလုပ်ထားသည့် ရုပ်တုနှင့် နတ်ဆိုး
များကို ကိုးကွယ်ခြင်းမှ ရပ်တန့်ခြင်း မပြုနိုင်ကြ။
၂၁ ထိုလူတို့သည် လူ့အသက်ကို သတ်ဖြတ်ခြင်း
အကျင့်မှ ထိုသူတို့၏စိတ်နှလုံးနှင့်အသက်တာကို
မပြောင်းလဲကြ။ သူတို့သည် သူတစ်ပါးကို ပြုစား
ခြင်း၊ မတရားသောမေထုန်ကို မှီဝဲခြင်း၊ သူ့ဥစ္စာကို
ခိုးခြင်းစသောအမှုအကျင့်များမှ ပြန်၍လှည့်မလာ
ကြချေ။

## ကောင်းကင်တမန်နှင့်စာလိပ်ငယ်

၁၀ ထို့နောက် တန်ခိုးကြီးသော အခြားကောင်း
ကင်တမန်တစ်ပါးသည် ကောင်းကင်မှ
ဆင်းသက်လာသည်ကို တွေ့ရသည်။ ထိုကောင်း
ကင်တမန်သည် မိုးတိမ်ကို ဝတ်ဆင်ထားသည်။
သူ၏ဦးခေါင်းတွင် သက်တန့်ဝန်းရံထားသည်။
ကောင်းကင်တမန်၏ မျက်နှာသည် နေနှင့်တူပြီး
သူ၏ခြေထောက်သည် မီးတိုင်နှင့်တူ၏။ ၂ ထို
ကောင်းကင်တမန်သည် စာလိပ်တစ်ခုကို ကိုင်
ထားသည်။ ထိုစာလိပ်သည် သူ၏လက်ထဲ၌ ဖွင့်
လျက်ရှိ၏။ သူ၏လက်ယာခြေကို ပင်လယ်ထဲတွင်
လည်းကောင်း၊ လက်ဝဲခြေကို ကုန်းပေါ်တွင်လည်း
ကောင်း ချထား၏။ ၃ ကောင်းကင်တမန်သည်ခြင်္သေ့
ဟိန်းဟောက်သကဲ့သို့ ကျယ်လောင်သောအသံနှင့်
ကြွေးကြော်၏။ ထိုကောင်းကင်တမန်ကြွေးကြော်
ပြီးသောအခါ မိုးကြိုးသံခုနှစ် ချက်ထွက်လာသည်။
၄ မိုးကြိုးခုနှစ်ချက်ပြောသည့်အရာကို ကျွန်ုပ်ရေး
မှတ်ရန် ပြင်စဉ် ကောင်းကင်မှ “မိုးကြိုးခုနှစ်ချက်
ပြောသည့်အရာကို မရေးပါနှင့်။ ၎င်းအရာများကို
လျှို့ဝှက်ထားပါ” ဟူသော အသံကို ငါကြားရ၏။
၅ ပင်လယ်နှင့် မြေကြီးပေါ်တွင် ရပ်နေသော
ကောင်းကင်တမန်သည် သူ၏လက်ယာလက်ကို
ကောင်းကင်သို့မြှောက်လိုက်သည်။ ၆ ကောင်းကင်
တမန်သည် *(တန်ခိုးရှိသော)* အစဉ်အမြဲအသက်ရှင်
သောသူအားဖြင့် ကတိပြုတော်မူသည်။ ဘုရားသ
ခင်သည် မိုးကောင်းကင်နှင့် ၎င်းအထက်၌ရှိသော
အရာအားလုံးကို ဖန်ဆင်းသောသူဖြစ်၏။ ကမ္ဘာ
မြေကြီးနှင့် ကမ္ဘာပေါ်ရှိလူအရာအားလုံးကို သူ ပြု
ပြင်စီရင်သည်။ ပင်လယ်နှင့် ပင်လယ်ထဲ၌ရှိသော
အရာအားလုံးကို ပြုပြင်စီရင်သည်။ ကောင်းကင်
တမန်ကလည်း “မည်သည့်အရာကိုမျှ စောင့်ရန်

မလိုပါ''ဟု ဆိုသည်။ ၇ သတ္တမကောင်းကင်တမန်
သည် သူ၏တံပိုးကို မှုတ်မည့်ရက်များ အသင့်ဖြစ်
ပြီးသောအခါ ဘုရားသခင်၏ လျှို့ဝှက်သောအစီ
အစဉ်ပြီးဆုံးလိမ့်မည်။ ထိုအစီအစဉ်သည် ဘုရား
သခင်၏ အစေခံဖြစ်သော ပရောဖက်များကို ပြော
ခဲ့သည့် သတင်းကောင်းဖြစ်သည်။
၈ ထို့နောက် ကောင်းကင်မှ ယခင်က ကြားရ
သည့်အသံကို ထပ်၍ကြားရပြန်သည်။ ထိုအသံက
ကျွန်ုပ်အား ''ပင်လယ်နှင့်မြေကြီးပေါ်တွင်ရပ်လျက်
ရှိသော ကောင်းကင်တမန်၏ လက်ထဲ၌ ပွင့်နေ
သော စာလိပ်ငယ်ကို သွားယူပါ''ဟု ဆို၏။
၉ ငါသည်လည်း ကောင်းကင်တမန်ထံသို့သွား
၍ စာလိပ်ငယ်ကိုပေးရန် တောင်း၏။ ကောင်း
ကင်တမန်က ကျွန်ုပ်အား ''စာလိပ်ကို ယူ၍စားပါ၊
သင်၏ ပါးစပ်ထဲတွင် ပျားရည်ကဲ့သို့ ချိုလိမ့်မည်။
သို့သော်လည်း သင်၏အစာအိမ်ထဲတွင် ချဉ်လိမ့်
မည်''ဟု ဆိုသည်။ ၁၀ ထို့ကြောင့် ကောင်းကင် တ
မန်၏ လက်ထဲက စာလိပ်ကိုယူပြီး ငါစားလိုက်၏။
ငါ၏ ပါးစပ်ထဲတွင် ပျားရည်ကဲ့သို့ အရသာရှိသည်။
သို့သော် ငါစားပြီး သောအခါ ငါ၏ အစာအိမ်ထဲ
တွင် ချဉ်လေသည်။ ၁၁ ထို့နောက် ငါ့ကို ''သင်သည်
လူအမျိုး မျိုး၊ နိုင်ငံအမျိုးမျိုး၊ ဘာသာစကားများ
နှင့် ဘုရင်များအကြောင်းကို ထပ်မံပရောဖက်ပြု
၍ ဟောပြောရမည်''ဟု ပြောဆိုသည်။

## သက်သေနှစ်ဦး

၁၁ ထို့နောက် တောင်ဝှေးကဲ့သို့ ရှည်သော
ပေတံတုတ်တစ်ချောင်းကို ငါ့အား ပေး
၏။''ဘုရားသခင်၏ဗိမာန်တော်နှင့် ယဇ်ပလ္လင်ကို
သွား၍တိုင်းပြီး ထိုနေရာတွင် ကိုးကွယ်နေသူအား
လုံးကို ရေတွက်ပါ'' ဟု ပြောဆိုသံကို ကြားရသည်။
၂ သို့သော် ဗိမာန်တော်အပြင်ဘက်ရှိ နေရာများကို
မတိုင်းနှင့်။ ထိုနေရာကို ချန်ထားပါ။ ၎င်းကို ဂျူး
အမျိုးအနွယ် မဟုတ်သောသူတို့အတွက်ပေးထား
သည်။ ထိုသူတို့သည် သန့်ရှင်းသော မြို့ တော်တွင်
လေးဆယ့်နှစ်လကြာအောင် သွားလာလိမ့်မည်။
၃ ငါ၏သက်သေနှစ်ဦးအား တန်ခိုးကို ငါပေးမည်။
သူတို့သည် ရက်ပေါင်းတစ်ထောင့်နှစ်ရာခြောက်
ဆယ်အတွင်း ပရောဖက်အမှုကို ပြုကြလိမ့်မည်။
၄ ထိုသက်သေနှစ်ဦးသည် ကမ္ဘာမြေကြီး၏သခင်ရှေ့
တွင် ရပ်နေသော သံလွင်ပင်နှစ်ပင်နှင့် မီးအိမ်
တိုင်နှစ်တိုင်ဖြစ်သည်။ ၅ သက်သေနှစ်ဦးကို ရန်ပြု
သောသူရှိလျှင် သူ၏ပါးစပ်ထဲမှ မီးများထွက်လာ
ပြီး သူတို့၏ ရန်သူကို သတ်လိမ့်မည်။ သူတို့ကို
ရန်ပြုရန် ကြိုးစားသောသူတိုင်း ထိုကဲ့သို့ သေရလိမ့်
မည်။ ၆ ထိုသက်သေများသည် သူတို့ ပရောဖက်
အမှုပြုစဉ် မိုးကောင်းကင်မှ မိုးရွာခြင်းကို ရပ်တန့်
စေနိုင်သော တန်ခိုးရှိသည်။ ထိုသူတို့တွင် ရေကို
သွေးဖြစ်စေနိုင်သည့် တန်ခိုးလည်းရှိ၏။ ကမ္ဘာပေါ်
တွင်ဘေးဒုက္ခရောက်စေရန်ပြုလုပ်နိုင်သည့် တန်ခိုး
လည်း ရှိ၏။ သူတို့ပြုလုပ်လိုသည့်အခါကို အကြိမ်
ပေါင်းများစွာပြုလုပ်နိုင်သည်။
၇ သက်သေနှစ်ဦးသည် သူတို့၏သတင်းစကား
ကို ပြောကြားပြီးသောအခါ သားရဲသည် သူတို့ကို
တိုက်ခိုက်လိမ့်မည်။ ထိုသားရဲသည် တွင်းနက်ထဲ
က ထွက်လာသောအကောင်ဖြစ်၏။ သားရဲသည်
သူတို့ကို အောင်နိုင်၍ သတ်ပစ်လိမ့်မည်။ ၈ သူတို့
၏အလောင်းကိုကြီးမြတ်သောမြို့၏လမ်းမပေါ်တွင်
လဲ၍ထားလိမ့်မည်။ ထိုမြို့ကို သောဒုံနှင့်အဲဂုတ္တုဟု
အမည်ပေး၏။ မြို့အတွက်ပေးထားသော ထိုနာမည်
သည် အထူးအဓိပ္ပာယ်ရှိသည်။ ထိုမြို့သည် သခင်
အသတ်ခံရသောမြို့ဖြစ်သည်။ ၉ နိုင်ငံတကာမှ ဘာ
သာစကားအမျိုးမျိုးကို ပြောသောလူတို့သည်သက်
သေနှစ်ဦး၏အလောင်းများကို သုံးရက်နှင့် နေ့တစ်
ဝက်ကြည့်ကြလိမ့်မည်။ လူတို့သည် သူတို့ကိုမြှုပ်နှံ
ရန် ငြင်းဆိုလိမ့်မည်။ ၁၀ ကမ္ဘာပေါ်တွင်ရှိသော သူ
များသည် ထိုသက်သေနှစ်ဦးသေသွားသောကြောင့်
ပျော်ကြလိမ့်မည်။ သူတို့သည် ပွဲများပြုလုပ်ပြီး တစ်ဦး
ကိုတစ်ဦး လက်ဆောင်ပေးပို့ကြလိမ့်မည်။ ကမ္ဘာ
ပေါ်တွင် နေထိုင်သောသူများကို ထိုပရောဖက်
*(သက်သေ)* နှစ်ဦးသည် ဆင်းရဲဒုက္ခများစွာ ယူ
ဆောင်ပေးခဲ့သောကြောင့် ထိုကဲ့သို့ ပြုလုပ်ကြလိမ့်
မည်။
၁၁ သို့သော် သုံးရက်နှင့်နေ့တစ်ဝက် လွန်ပြီး
သော် ဘုရားသခင်သည် ထိုပရောဖက်နှစ်ဦးကို
အသက်ပြန်ရှင်စေလိမ့်မည်။ သူတို့သည် မိမိတို့၏
ခြေပေါ်တွင် ရပ်ကြလိမ့် မည်။ သူတို့ကို မြင်သော
သူအားလုံးတို့သည် ကြောက်ရွံ့ကြလိမ့်မည်။ ၁၂ ထို
နောက် ပရောဖက်နှစ်ဦးသည် ကောင်းကင်မှ ''ဤ
နေရာကိုတက်လာပါ''ဟု ကျယ်လောင်သည့်အသံကို
ကြားရသည်။ ထိုအခါ ပရောဖက်နှစ်ဦးသည် တိမ်
ထဲမှ ကောင်းကင်သို့ တက်သွားကြ၏။ သူတို့သွား
သည်ကို သူတို့၏ရန်သူများသည် ကြည့်ကြ၏။
၁၃ ထိုအချိန်တွင် ငလျင်ကြီးစွာလှုပ်၏။ မြို့၏

ဆယ်ပုံတစ်ပုံ ပျက်စီးသွား၏။ လူခုနစ်ထောင်သည်
ငလျင်ဒဏ်ကြောင့် သေသွားသည်။ မသေသော
သူများသည် ကြောက်ရွံ့ကြသည်။ ကောင်းကင်ဘုံ
ရှင်ဘုရားသခင်ကို သူတို့ချီးမွမ်းကြသည်။
၁၄ ဒုတိယကြီးမားသော ဘေးဒဏ်ပြီးဆုံးသွား
ပြီ။ တတိယကြီးမားသော ဘေးဒဏ်သည် ရောက်
လာမည်။

**သတ္တမတံပိုး**

၁၅ သတ္တမကောင်းကင်တမန်သည် သူ၏တံပိုး
ကို မှုတ်သောအခါ ကောင်းကင်၌ ကျယ်လောင်
သောအသံများထွက်ပေါ်လာသည်။ အသံများက

“လောကီနိုင်ငံသည် သခင်*(ဘုရားသခင်)*
နှင့် ခရစ်တော်၏နိုင်ငံဖြစ်လေပြီ၊
သူသည် အစဉ်အမြဲအုပ်စိုးလိမ့်မည်”

ဟု ဆို၏။
၁၆ ထိုအခါ အသက်ကြီးသူနှစ်ဆယ့်လေးဦးသည်
ဦးညွတ်ပြပ်ဝပ်ပြီး ဘုရားသခင်ကို ကိုးကွယ်ကြ၏။
ထိုသူတို့မှာ ဘုရားသခင်၏ ရှေ့ပလ္လင်ပေါ်တွင်
ထိုင်သော အသက်ကြီး သူများဖြစ်သည်။ ၁၇ သူတို့
ကလည်း

“အနန္တတန်ခိုးနှင့်ပြည့်သော ကိုယ်တော်ကို
ကျွန်ုပ်တို့ ချီးမွမ်းပါ၏၊
ကိုယ်တော်သည် ယခုကာလတွင်လည်း
ကောင်း၊ အတိတ်ကာလတွင်လည်း
ကောင်း အစဉ်ရှိတော်မူသည်၊
ကိုယ်တော်ကို ချီးမွမ်းသည်၊
အဘယ်ကြောင့်ဆိုသော်
ကိုယ်တော်သည် ကြီးမားသောတန်ခိုးကို
အသုံးပြုပြီး စတင်၍အုပ်စိုးတော်မူသော
ကြောင့် ကျွန်ုပ်တို့ချီးမွမ်းကြသည်၊
၁၈ ကမ္ဘာပေါ်ရှိလူများသည်
အမျက်ထွက်ခဲ့ကြသည်၊
သို့သော် ယခုအချိန်သည် ကိုယ်တော်၏
အမျက်ထွက်ရန်အချိန်ဖြစ်သည်
ယခုအချိန်သည် သေသောသူများကို
စီရင်ရသောအချိန်ဖြစ်သည်၊
ကိုယ်တော်၏အစေခံဖြစ်သော
ပရောဖက်များကို ဆုချရန်
အချိန်ဖြစ်သည်။
ကိုယ်တော်၏ သန့်ရှင်းသောသူ
အယုတ်အမြတ်မရွေး
ကိုယ်တော်ကို ရိုသေသောသူများကို
ဆုချရမည်၊
ကမ္ဘာကို ဖျက်ဆီးသောသူများကို
ဖျက်ဆီးရန်အချိန်ဖြစ်သည်”

ဟု ဆိုကြသည်။
၁၉ ထို့နောက် ကောင်းကင်ဘုံ၌ရှိသည့် ဘုရား
သခင်၏ ဗိမာန်တော်ကို ဖွင့်လိုက်သည်။ ဘုရား
သခင်က မိမိ၏လူများကို ပေးထားသော ပဋိညာဉ်
သေတ္တာကို ဗိမာန်တော်ထဲ၌ တွေ့နိုင်သည်။ ထို့
နောက် လျှပ်စီးလက်ခြင်း၊ ကြွေးကြော်ခြင်း၊ မိုးကြိုး
ပစ်ခြင်း၊ ငလျင်လှုပ်ခြင်းနှင့် ကြီးမားသောမိုးသီး
များ ကြွေကျခြင်းများဖြစ်လေသည်။

**မိန်းမနှင့် ကြီးမားသောမြွေ**

၁၂ ထို့နောက် ကြီးမားသောအံ့ဩဖွယ်ရာအမှု
အရာသည် ကောင်းကင်ဘုံ၌ ပေါ်လာ၏။
နေကို ခြုံထားသော မိန်းမတစ်ယောက်ရှိ၏။ လ
သည် သူမ၏ခြေအောက်၌ရှိသည်။ သူမ၏ဦးခေါင်း
ပေါ်တွင် ကြယ်တစ် ဆယ့်နှစ်လုံးပါသော သရဖူ
ကို ဆောင်းထားသည်။ ၂ ထိုမိန်းမသည် ကိုယ်ဝန်
နှင့်ဖြစ်သည်။ ကလေးမွေးဖွားရန် နီးနေသဖြင့်
နာကျင်၍ညည်းတွားလေသည်။ ၃ ထို့နောက် အံ့ဩ
ဖွယ်ကောင်းသောအခြားအရာတစ်ခု ကောင်းကင်
ဘုံ၌ ပေါ်လာသည်။ ၄င်းမှာ အနီရောင်ရှိသည့် ကြီး
မားသောမြွေတစ်ကောင်ဖြစ်၏။ ထိုမြွေကြီး၌ဦးခေါင်း
ခုနစ်လုံးရှိပြီး သရဖူများကို ဆောင်းထားသည်။ ထို
မြွေကြီး၌ ဦးချိုဆယ်ချောင်းလည်းရှိ၏။ ၄ မြွေ၏
အမြီးသည် ကောင်းကင်မှ ကြယ်သုံးပုံတစ်ပုံကို
ဖယ်ရှားပြီး ကမ္ဘာပေါ်သို့ ပစ်ချလိုက်သည်။ မြွေ
ကြီးသည် ကလေးမွေးဖွားမည့် မိန်းမ၏ရှေ့တွင်
ရပ်လျက်ရှိသည်။ ထိုမြွေကြီးက မိန်းမမွေးမည့်
ကလေးကိုစားလို၏။ ၅ ထိုမိန်းမသည် သားယောကျ်ား
ကို ဖွားမြင်၏။ သူသည် တိုင်းနိုင်ငံအားလုံးကို သံ
လှံတံနှင့်အုပ်စိုးလိမ့်မည်။ သူမ၏သားကို ဘုရား
သခင်ပလ္လင်တော်ရှိရာသို့ ယူဆောင်သွား၏။ ၆ ထို
မိန်းမသည် ဘုရားသခင် ပြင်ဆင်တော်မူသော သဲ
ကန္တာရထဲသို့ ထွက်ပြေးသွား၏။ ထိုနေရာတွင် ရက်
ပေါင်းတစ်ထောင့် နှစ်ရာခြောက်ဆယ် တိုင်တိုင်
ကြည့်ရှုထားခြင်း ခံရမည်။
၇ ထို့နောက်ကောင်းကင်၌စစ်ပွဲဖြစ်၏။ မိက္ခေလ
နှင့် သူ၏ကောင်းကင်တမန်များသည် မြွေကြီးနှင့်
စစ်တိုက်ကြသည်။ မြွေနှင့် သူ၏တမန်များကလည်း
ပြန်တိုက်ကြသည်။ ၈-၉ သို့သော် မြွေသည် ခွန်အား

မကြီးပေ။ မြွေကြီးနှင့် သူ၏တမန်များသည် ကောင်းကင်၌ သူတို့၏ နေရာများ ဆုံးရှုံးသွားသည်။ ထိုမြွေကို ကောင်းကင်ဘုံမှ ပစ်ချလိုက်သည် (မြွေကြီးမှာ စာတန် သို့မဟုတ် မာရ်နတ်ဟု ခေါ်သော ရှေးမြွေဟောင်းကြီးဖြစ်သည်။ သူသည် ကမ္ဘာတစ်ခုလုံးကို မှားယွင်းရန် သွေးဆောင်သူဖြစ်သည်)။ မြွေနှင့် သူ၏နောက်လိုက်များကို ကမ္ဘာမြေကြီးပေါ်သို့ ပစ်ချလိုက်သည်။

၁၀ ထို့နောက် ကောင်းကင်ဘုံက ကျယ်လောင်သောအသံကို ကြားရသည်။ "ငါ၏ ဘုရားသခင်၏ အောင်မြင်ခြင်းတန်ခိုး၊ နိုင်ငံတော်နှင့် ခရစ်တော်၏အာဏာတော် *(တန်ခိုး)* တည်ချိန်ရောက်ပြီ။ ဤအရာများ ရောက်လာတော့မည်။ အကြောင်းမှာ ငါတို့ ညီအစ်ကိုများကို နေ့ညမပြတ် ဘုရားသခင်ရှေ့တွင် စွပ်စွဲသောသူသည် ပယ်ရှင်းခြင်း ခံရသောကြောင့်ဖြစ်သည်။ ၁၁ ငါတို့ညီအစ်ကိုများသည် သိုးသငယ်၏အသွေး *(သေခြင်း)* နှင့် သူတို့ ဟောပြောသည့် သစ္စာတရားဖြင့် အောင်နိုင်ကြ၏။ သူတို့သည် အသက်ကို မနှမြောကြ။ သေခြင်းကိုလည်း မကြောက်ကြပေ။ ၁၂ ထို့ကြောင့် ကောင်းကင်ဘုံ၌ နေသောသူများ အားလုံးဝမ်းမြောက်ကြလော့။ သို့သော် ကမ္ဘာမြေကြီးနှင့် ပင်လယ်အတွက် ဘေးဆိုးရောက်လိမ့်မည်။ အကြောင်းမှာ မာရ်နတ်သည် သင်တို့ထံသို့ ဆင်းသက်သွားသည်။ မာရ်နတ်သည် ဒေါသနှင့် ပြည့်နေသည်။ သူသည် မိမိ၌အချိန် မရှိတော့ကြောင်းကို သိသည်"။

၁၃ ထိုမြွေဟောင်းကြီးသည် မိမိကမ္ဘာမြေကြီးပေါ်သို့ ပစ်ချခြင်းခံရသည်ကို သိမြင်၏။ ထို့ကြောင့် သားယောကျ်ားကို မွေးသော မိန်းမနောက်သို့ လိုက်နေ၏။ ၁၄ သို့သော် ထိုမိန်းမအား ကြီးမားသော လင်းယုန်၏အတောင်ပံ နှစ်ခုတို့ကို ပေးထားသည်။ ထို့ကြောင့် သဲကန္တာရထဲတွင် သူ့အတွက်ပြင်ဆင်ထားသော နေရာသို့ ပျံသန်းသွားနိုင်၏။ ထိုနေရာ၌ သူ့ကို သုံးနှစ်ခွဲကြာ ကြည့်ရှုစောင်မခြင်း ခံရမည်။ ထိုနေရာတွင် မြွေနှင့် ဝေးကွာသွားမည်။ ၁၅ ထိုအခါ မြွေသည် သူ၏ပါးစပ်မှ မြစ်ကဲ့သို့သော ရေကို သွန်ချလေသည်။ ထိုကဲ့သို့ မြွေသည် ရေကို မိန်းမဆီသို့ သွန်ချလိုက်ခြင်းသည် ထိုမိန်းမကို ရေလုံးကြီးထဲ မျောပါသွားစေရန်ဖြစ်သည်။ ၁၆ သို့သော် ကမ္ဘာကြီးသည် ထိုမိန်းမကို ကူညီလေ၏။ မြေကြီးသည် မိမိ၏ပါးစပ်ကို ဖွင့်လျက် မြွေကြီး၏ ပါးစပ်မှ ထွက်လာသော ရေကို မျိုချလေသည်။ ၁၇ ထိုအခါ မြွေသည် မိန်းမအပေါ် လွန်စွာဒေါသထွက်လေသည်။ မြွေသည် သူမ၌ရှိသော အခြားသားသမီးများနှင့် တိုက်ခိုက်ရန် ထွက်သွားသည်။ သူမ၏ သားသမီးများသည် ဘုရားသခင်၏ မိန့်တော်မူချက်များကို နာခံပြီး ယေရှုသွန်သင်သောသမ္မာတရားကို ရရှိထားသူများဖြစ် သည်။

၁၈ မြွေကြီးသည် ပင်လယ်ကမ်းခြေ၌ ရပ်လျက်နေသည်။

## သားရဲတိရစ္ဆာန်နှစ်ကောင်

၁၃ ထို့နောက် ပင်လယ်ထဲမှ သားရဲတစ်ကောင် ထွက်လာသည်ကို တွေ့ရသည်။ ထိုသားရဲသည် ချိုဆယ်ခုနှင့် ဦးခေါင်းခုနှစ်လုံးရှိ၏။ ချိုတစ်ခုချင်း၌ သရဖူတစ်ခု စီရှိ၏။ ဦးခေါင်းတစ်ခုချင်းစီတွင် မကောင်းသောအမည်များကို ရေးသားထားသည်။ ၂ ထိုသားရဲသည် ကျားသစ်နှင့်တူ၏။ ဝက်ဝံခြေနှင့်တူသော ခြေထောက်ရှိသည်။ ခြင်္သေ့၏နှုတ်ကဲ့သို့သော ပါးစပ်ရှိသည်။ *ပင်လယ်ကမ်းခြေရှိ* မြွေကြီးသည် သူ၏တန်ခိုးပလ္လင်နှင့်အာဏာအားလုံးတို့ကို ထိုသားရဲအား ပေးလေ၏။ ၃ သားရဲ၏ဦးခေါင်းတစ်လုံးသည် အနာတရဖြစ်ပြီး သတ်ထားခြင်းခံရသကဲ့သို့ တွေ့ရသည်။ သို့သော် သေလောက်သောအနာသည် ပျောက်ကင်းခြင်းအခွင့်ရ၏။ ကမ္ဘာပေါ်ရှိလူအားလုံးသည် အံ့သြ၍ ထိုတိရစ္ဆာန်နောက်သို့ လိုက်ကြသည်။ ၄ လူတို့သည် မြွေကြီးကို ကိုးကွယ်ကြ၏။ အဘယ်ကြောင့်ဆိုသော် သူ၏တန်ခိုးများကို သားရဲတိရစ္ဆာန်အားပေးလိုက်သောကြောင့် ဖြစ်သည်။ ထိုသားရဲတိရစ္ဆာန်ကိုလည်း ကိုးကွယ်ကြ၏။ ထိုသားရဲထက် မည်သူက တန်ခိုးကြီးသနည်း။ သူနှင့်မည်သူစစ်ပြိုင်နိုင်မည်နည်းဟု ဆိုကြ၏။

၅ ထိုသားရဲသည် မာနထောင်လွှားသောစကားနှင့်အလွန်ဆိုးညစ်သောအရာများကို ပြောဆိုခွင့်ရသည်။ သားရဲသည် သူ၏တန်ခိုးဖြင့် လေးဆယ့်နှစ်လကြာ စီရင်နိုင်သည်။ ၆ သားရဲသည် ဘုရားသခင်ကို ဆန့်ကျင်သည့် မကောင်းသောအရာများကို ပြောရန် ပါးစပ်ဖွင့်၍ ဘုရားသခင်၏နာမတော် မကောင်းကြောင်းကိုလည်း ပြော၏။ ဘုရားသခင် နေသောနေရာနှင့် ကောင်းကင်ဘုံ၌ရှိသူ အားလုံး၏ မကောင်းကြောင်းကိုလည်း ပြော၏။ ၇ ဘုရားသခင်၏သန့်ရှင်းသူ *(ယုံကြည်သူ)* များကို စစ်တိုက်ပြီး အောင်မြင်နိုင်သော တန်ခိုးကို ထိုသားရဲအား ပေးသည်။ ထိုသားရဲအား လူမျိုးစု၊ ဘာသာစကားနှင့်

နိုင်ငံအားလုံး အပေါ် စီရင်ခွင့် တန်ခိုး ကိုပေးအပ်၏။
၈ ကမ္ဘာပေါ် ရှိလူသားအားလုံးသည် သားရဲကို
ကိုးကွယ်ကြလိမ့်မည်။ ထိုသူတို့သည် သိုးသငယ်၏
အသက်စာအုပ်ထဲတွင် ကမ္ဘာဦးမှစ၍ နာမည်ရေး
ထားခြင်းမရှိသော သူများဖြစ်၏။ သိုးသငယ်မှာ
အသတ်ခံရသောသူဖြစ်သည်။
၉ ထိုအကြောင်းအရာကို ကြားရသောသူတိုင်း
နာယူရမည်။
၁၀ လူတစ်ဦးတစ်ယောက်အား
အကျဉ်းသားဖြစ်ရမည်ဆိုလျှင်
ထိုသူသည်
အကျဉ်းသားပင်ဖြစ်ရလိမ့်မည်၊
ထိုသူသည်
သံလျက်နှင့်အသတ်ခံရလိမ့်မည်၊
အဓိပ္ပာယ်မှာ ဘုရားသခင်၏သန့်ရှင်းသောသူ *(ယုံ
ကြည်သူ)* သည် သည်းခံခြင်းနှင့် ယုံကြည်ခြင်း ရှိရ
မည်ဟု ဆိုလိုသည်။
၁၁ ထို့နောက် မြေကြီးထဲက နောက်သားရဲ
တစ်ကောင်ထွက်လာသည်ကို တွေ့ရသည်။ သိုး
သငယ်ကဲ့သို့ ချိုနှစ်ခုရှိသည်။ သို့သော် ကြီးမား
သောမြွေကြီးကဲ့သို့ စကားပြောသည်။ ၁၂ ထိုသားရဲ
သည် ပထမသားရဲ၏ရှေ့တွင်ရပ်လျက် ပထမသားရဲ
သုံးသော တန်ခိုးကိုပင် အသုံးပြုသည်။ ထိုတန်ခိုး
ကိုအသုံးပြုပြီး ကမ္ဘာပေါ်ရှိလူသားအားလုံးကို ပထမ
သားရဲအား ကိုးကွယ်စေသည်။ ပထမသားရဲမှာ သေ
လောက်သော ဒဏ်ရာပျောက်ကင်းသည့် သားရဲ
ဖြစ်၏။ ၁၃ ထိုဒုတိယသားရဲသည် ကြီးမားသောအံ့ဩ
ဖွယ်များကို ပြုလုပ်သည်။ လူများကြည့်မျှော်နေစဉ်
တွင် ကောင်းကင်မှ ကမ္ဘာမြေကြီးသို့ မီးများကျ
လာအောင် ပြုလေသည်။ ၁၄ ထိုဒုတိယသားရဲသည်
ကမ္ဘာပေါ်ရှိလူများကို လှည့်ဖြား နေသည်။ သူ့အား
ပေးထားသောတန်ခိုးကို အသုံးပြု၍ ထိုအံ့ဩဖွယ်
များကို ပြုလေသည်။ ပထမသားရဲကို အစေခံရန်
ထိုအံ့ဩဖွယ်များကို ပြုလုပ်ခြင်းဖြစ်သည်။ ဒုတိယ
သားရဲသည် လူများကို ရုပ်တုတစ်ခုပြုလုပ်စေပြီး
ပထမ သားရဲကို ဂုဏ်ပြုစေသည်။ ထိုသားရဲမှာ သံ
လျက်ဖြင့် အနာတရဖြစ်ပြီး မသေသောသားရဲဖြစ်
သည်။ ၁၅ ဒုတိယသားရဲအား ပထမသားရဲ၏ ရုပ်တု
ကို အသက်ရှင်ရန် ပြုလုပ်နိုင်သည့် တန်ခိုးကို ပေး
ထား၏။ သို့မှသာ ရုပ်တုက စကားပြောပြီး သူ့ကို
မကိုးကွယ်သောသူများအား သတ်စေနိုင်မည်။
၁၆ ဒုတိယသားရဲသည် ကြီးမြတ်သူ၊ သိမ်ငယ်သူ၊
ချမ်းသာသူ၊ ဆင်းရဲသူ၊ လွတ်လပ်သူ၊ ကျွန်ဖြစ်သူ
လူအားလုံးတို့အား သူတို့၏ လက်ယာလက်နှင့်
နဖူးပေါ်တွင် တံဆိပ်ခတ်ရန် အတင်းအဓမ္မပြုလုပ်
စေသည်။ ၁၇ ထိုတံဆိပ်မပါလျှင် မည်သူမှ ရောင်း
ဝယ်ခြင်း မပြုလုပ်နိုင်။ ထိုတံဆိပ်သည် သားရဲ၏
အမည်သို့မဟုတ် သားရဲ၏နံပါတ်ဖြစ်သည်။ ၁၈ အသိ
ဉာဏ်ရှိသောသူသည် ထိုနံပါတ်၏ အဓိပ္ပာယ်ကို
သိနိုင်ပေမည်။ ထိုသို့ သိနိုင်ရန် ဉာဏ်ပညာလို
အပ်သည်။ ထိုနံပါတ်သည် လူတစ်ယောက်၏နံပါတ်
ဖြစ်သည်။ ထိုနံပါတ်မှာ ခြောက် ခြောက် ခြောက်
*(ခြောက်သုံးလုံး)* ဖြစ်သည်။

## ရွေးနုတ်ကယ်တင်ခြင်းသီချင်း

၁၄ ထို့နောက် ငါကြည့်သောအခါ ငါ့ရှေ့တွင်
သိုးသငယ်ရှိ၏။ သူသည် ဇိအုန်တောင်
ပေါ်တွင် ရပ်နေသည်။ လူတစ်သိန်းလေးသောင်း
လေးထောင်တို့သည် သူနှင့်အတူရှိ၏။ သူတို့
အားလုံး၏နဖူးပေါ်တွင် သူ၏အမည်နှင့် ခမည်း
တော်၏အမည်ကို ရေးထား၏။ ၂ ထို့နောက်ကောင်း
ကင်ဘုံမှ ရေလျှံသောအသံ၊ ကျယ်လောင်သော
မိုးကြိုးသံကဲ့သို့သောအသံကို ငါကြားရ၏။ ငါကြား
ရသောအသံသည် စောင်းကိုတီးခတ်နေသောအသံ
နှင့်တူသည်။ ၃ သူတို့သည် ပလ္လင်ရှေ့သတ္တဝါလေး
ပါးနှင့်အသက်ကြီးသူများ၏ရှေ့တွင် သီချင်းအသစ်
ကို သီဆိုကြ၏။ သီချင်းအသစ်ကို သီဆိုရန် သင်
ကြားနိုင်သူများမှာ ရွေးကောက်ထားသော *(ကယ်
တင်ခြင်းရောက် သူ)* လူတစ်သိန်းလေးသောင်း
လေးထောင်ယောက်သာဖြစ်သည်။ ထိုသူတို့မှအပ
မည်သူမျှ ထိုသီချင်းကို မသီဆိုနိုင်ပါ။ ၄ ထိုလူ
တစ်သိန်းလေးသောင်းလေးထောင်တို့သည် မိန်းမ
နှင့် မှားယွင်းခြင်း မရှိသောသူများဖြစ်သည်။ သူတို့
သည် မိမိကိုယ်ကို စင်ကြယ်စေကြသည်။ သူတို့
သည် သိုးသငယ်သွားရာ နေရာတိုင်းသို့ လိုက်သော
သူများဖြစ်သည်။ ဤတစ်သိန်းလေးသောင်းလေး
ထောင်တို့သည် လောကသားများထဲက ရွေး
ကောက်ထားသောသူ *(ကယ်တင်ခြင်းသို့ ရောက်
သူ)* များဖြစ်ပြီး သိုးသငယ်နှင့် ဘုရားသခင်ထံသို့
ပထမဦးဆုံး ပူဇော်ခံရသောသူများဖြစ်သည်။ ၅ သူ
တို့၌ လိမ်လည်ပြောဆိုသော အပြစ်မရှိ။ အမှား
နှင့် ကင်းစင်ကြ၏။

**ကောင်းကင်တမန်သုံးပါး**

၆ ထို့နောက် မိုးကောင်းကင်အမြင့်၌ ပျံနေသော

ကောင်းကင်တမန်တစ်ပါးကို တွေ့ရသည်။ ထို
ကောင်းကင်တမန်သည် နိုင်ငံတကာ၊ မျိုးနွယ်စု
အသီးသီး၊ ဘာသာစကားအသီးသီး၊ လူမျိုးစုအားလုံး
ကို ထာဝရဧဝံဂေလိ ဟောကြားမည့်သူဖြစ်သည်။
၇ ကောင်းကင်တမန်က “ဘုရားသခင်ကို ကြောက်
ကြပါ၊ ချီးမွမ်းကြပါ၊ လူအားလုံးကို ဘုရားသခင်က
စီရင်ရမည့်အချိန် ရောက်လာပြီ၊ ဘုရားသခင်ကို
ကိုးကွယ်ကြပါ၊ သူသည် ကောင်းကင်ဘုံ၊ ကမ္ဘာ
မြေကြီး၊ ပင်လယ်နှင့် စမ်းရေတို့ကို ဖန်ဆင်းသူ
ဖြစ်သည်”ဟု ကျယ်လောင်သောအသံဖြင့် ပြောဆို
သည်။
၈ ထို့နောက် ဒုတိယကောင်းကင်တမန်က ပထ
မ ကောင်းကင်တမန်နောက်သို့ လိုက်ပြီး “သူမ
ပျက်စီးသွားပြီ၊ ကြီးမားသောဗာဗုလုန်မြို့ကြီးသည်
ပျက်စီးသွားပြီ၊ သူမ *(ဗာဗုလုန်)*သည် မိမိ၏မတရား
သောမေထုန်မှီဝဲခြင်းနှင့် ဘုရားသခင်၏ ဒေါသ
နှင့်ပြည့်လျက်ရှိသော စပျစ်ရည်ကို နိုင်ငံအားလုံး
တို့အား သောက်စေ၏”ဟု ပြောသည်။
၉ တတိယကောင်းကင်တမန်သည် ပထမ
ကောင်းကင်တမန်နှစ်ပါးနောက်သို့ လိုက်ပြီး
“သားရဲနှင့် သူ၏တံဆိပ်တော်သည် လက်ယာ
လက်ပေါ်နှင့် နဖူးပေါ်တွင်ရှိပြီး သားရဲနှင့် သူ၏
ရုပ်တုကို ကိုးကွယ်သောသူတို့တွင် အမင်္ဂလာရှိ
လိမ့်မည်”ဟု ကျယ်လောင်သော အသံနှင့် ပြော၏။
၁၀ ထိုသူသည် ဘုရားသခင်၏ ဒေါသစပျစ်ရည်ကို
သောက်ရလိမ့်မည်။ ထိုသူသည် သန့်ရှင်းသော
ကောင်းကင်တမန်နှင့် သိုးသငယ်၏ရှေ့တွင်
ကန့်ငရဲမီးနှင့် ညှဉ်းဆဲခြင်း *(နာကျင်ခြင်း)*ကို ခံရ
လိမ့်မည်။ ၁၁ မီးလောင်သောဒဏ်ခံရာမှ မီးခိုးများ
သည် အစဉ်မပြတ် ထွက်လိမ့်မည်။ သားရဲနှင့်သူ
၏ရုပ်တုကို ကိုးကွယ်ခြင်း သို့မဟုတ် သူ၏တံဆိပ်
ခတ်ခြင်းကို ခံရသောသူတို့အတွက် နေ့ညမပြတ်
နားနေခွင့်မရှိပါ။ ၁၂ အဓိပ္ပာယ်မှာ ဘုရား သခင်၏
သန့်ရှင်းသောသူတို့ *(ယုံကြည်သူ)*သည် သည်းခံနိုင်
ရမည်။ ဘုရားသခင်၏ မိန့်မှာချက်များ ကို နာခံပြီး
ယေရှုအပေါ် ယုံကြည်ခြင်းရှိရမည်။
၁၃ ထို့နောက် ကောင်းကင်ဘုံမှ “ဤအရာကို
ရေးပါ၊ ဘုရားသခင်၌ သေပြီးသူများသည် ယနေ့မှ
စ၍ ကောင်းချီး *(ပျော်ရွှင်မှု)* ခံစားရမည်” ဟူသော
အသံကို ငါကြားရပြီ။
ဝိညာဉ်တော်ကလည်း “မှန်၏။ ထိုအရာသည်
မှန်၏။ ထိုသူများတို့သည် ပင်ပန်းသော အလုပ်မှ
နားရလိမ့်မည်။ သူတို့ပြုခဲ့သောအရာများသည် သူ
တို့၌ရှိလိမ့်မည်”ဟု ဆို၏။

**ရိတ်သိမ်းလိုက်သောစပါး**

၁၄ ငါကြည့်သောအခါ ငါ့ရှေ့တွင် ဖြူသောမိုး
တိမ်ရှိသည်။ လူသားနှင့်တူသော လူတစ်ယောက်
သည်ဖြူသောတိမ်ပေါ်တွင်ထိုင်နေ၏။ သူ၏ခေါင်း
ပေါ်တွင် ရွှေသရဖူရှိပြီး လက်ယာလက်တွင် ထက်
သောတံစဉ်ရှိသည်။ ၁၅ ထို့နောက် ဗိမာန်တော်ထဲ
မှအခြားသော ကောင်းကင်တမန် တစ်ပါးထွက်
လာ၏။ ထိုကောင်းကင်တမန်သည် တိမ်ပေါ်တွင်
ထိုင်နေသောသူကိုခေါ်၍ “သင်၏ တံစဉ်ကို ယူ
ဆောင်၍ စုသိမ်းလိုက်ပါ *(မြေကြီးမှ)*၊ ရိတ်သိမ်း
ချိန်ရောက်လာပြီ၊ ကမ္ဘာ၏အသီးများသည်
မှည့်နေပြီ”ဟုဆို၏။ ၁၆ ထိုအခါ တိမ်ပေါ်တွင်ထိုင်
နေသောသူသည် သူ၏တံစဉ်ကို ကမ္ဘာပေါ်တွင်
လွှဲလိုက်၍ ကမ္ဘာကြီးကို ရိတ်သိမ်းလေသည်။
၁၇ ထို့နောက် ကောင်းကင်ဘုံ၌ရှိသော ဗိမာန်
တော်ထဲမှ ကောင်းကင်တမန်နောက် တစ်ပါးထွက်
လာပြန်သည်။ ထိုကောင်းကင်တမန်၌လည်း ထက်
သောတံစဉ်ရှိ၏။ ၁၈ နောက်ကောင်းကင်တမန်တစ်
ပါးသည် ယဇ်ပလ္လင်မှလာသည်။ ထိုကောင်းကင်
တမန်သည် မီးကိုအောင်နိုင်သောတန်ခိုးရှိ၏။ ထို
ကောင်းကင်တမန်သည် ထက်သောတံစဉ်ရှိသော
ကောင်းကင်တမန်ကိုခေါ်၍ “သင်၏ ထက်သော
တံစဉ်ကိုယူ၍ ကမ္ဘာမြေကြီး၏ စပျစ်ပင်ပေါ်မှ
စပျစ်ခိုင်များကိုစုဆောင်းလိုက်ပါ၊ စပျစ်များသည်
မှည့်နေပြီ”ဟုဆို၏။ ၁၉ ကောင်းကင်တမန်ကလည်း
သူ၏ တံစဉ်ကို ကမ္ဘာမြေပေါ်သို့ လွှဲလိုက်သည်။
ထို့နောက် ကမ္ဘာ၏စပျစ်များကို စုဆောင်းလိုက်
ပြီး ဘုရားသခင်၏ ဒေါသအမျက်တည်းဟူသော
ကြီးမားသည့် စပျစ်ညှစ်စက်ထဲသို့ ပစ်ထည့်လေ
သည်။ ၂၀ စပျစ်များကို မြို့ပြင်တွင်ရှိသော စပျစ်
ညှစ်စက်ထဲတွင် ညှစ်ရသည်။ စပျစ် ညှစ်စက်ထဲမှ
သွေးများစီးထွက်လာသည်။ ထိုအသွေးသည် မိုင်
နှစ်ရာအကွာအဝေးတိုင်အောင်မြင်း၏ဦးခေါင်းထိ
မြင့်တက်လေသည်။

**နောက်ဆုံးသောဘေးဒဏ်၏ ကောင်းကင်တမန်**

၁၅ ထို့နောက် ကောင်းကင်ဘုံ၌ အခြားသော
အံ့ဩဖွယ်တစ်ခုကိုတွေ့ရသည်။ ထိုအရာ
မှာ ကြီးမား၍ အလွန်အံ့ဩဖွယ်ကောင်း၏။ ဘေး
ဒဏ်ခုနှစ်ခုကို သယ်ဆောင်လာသော ကောင်း

ကင်တမန်ခုနစ်ပါးရှိသည်။ ၎င်းတို့မှာ နောက်ဆုံး
သောဘေးဒဏ်များဖြစ်သည်။ အဘယ်ကြောင့်ဆို
သော် ဤဘေးဒဏ်များပြီးနောက် ဘုရားသခင်၏
ဒေါသအမျက်သည် ပြီးဆုံးရ၏။

၂ မီးနှင့်ရောနေသော ဖန်နှင့်တူသော ပင်လယ်
ကို ကျွန်ုပ်မြင်ရ၏။ ထိုပင်လယ်၏ အနီးအနား၌
သားရဲကိုလည်းကောင်း၊ သူ၏ရုပ်တုကိုလည်းကောင်း၊
သူ၏နာမည်အရေအတွက်ကိုလည်းကောင်း အောင်
နိုင်သောသူများ ရပ်နေသည်ကို တွေ့ရသည်။ ထို
သူများတွင် ဘုရားသခင်ပေးထားသော စောင်းများ
ရှိသည်။ ၃ ဘုရားသခင်၏အစေခံ မောရှေ၏သီချင်း
နှင့် သိုးသငယ်၏သီချင်းများကို သူတို့သီဆိုနေ
ကြသည်။

“တန်ခိုးတော်နှင့်ပြည့်စုံသောသခင်
ဘုရားသခင် ကိုယ်တော်သည်
ကြီးမြတ်ပြီးအံ့သြဖွယ်ကောင်းသော
အရာများကို ပြုတော်မူသည်၊
လူမျိုးတကာတို့၏ ဘုရင်
ကိုယ်တော်၏လမ်းသည်
ဖြောင့်မတ်မှန်ကန်သည်၊
၄ လူအားလုံးတို့သည် ကိုယ်တော်ကို
ကြောက်ရွံ့ကြလိမ့်မည်၊
အိုသခင် လူအားလုံးတို့သည်
သင်၏နာမကို ချီးမွမ်းကြလိမ့်မည်၊
ကိုယ်တော်သာလျှင် သန့်ရှင်းတော်မူ၏
လူအားလုံးတို့သည် သင့်ရှေ့တွင်
လာရောက်ကိုးကွယ်ကြလိမ့်မည်
အဘယ်ကြောင့်ဆိုသော်
ကိုယ်တော်သည် တရားသဖြင့်
စီရင်တော်မူကြောင်း ထင်ရှား၏”

၅ ထိုအရာပြီးနောက်တွင် ကျွန်ုပ်သည် ဗိမာန်
တော် *(ဘုရားသခင်ရှိသော သန့်ရှင်း သည့် နေရာ)*
ကို ကောင်းကင်ဘုံ၌ တွေ့ရသည်။ ထိုဗိမာန်တော်
ကို ဖွင့်ထားသည်။ ၆ ဗိမာန်တော်ထဲမှ ဘေးဒဏ်
ခုနစ်မျိုးကို သယ်ဆောင်လာသော ကောင်းကင်
တမန်ခုနစ်ပါးသည် ထွက်လာသည်။ သူတို့သည်
သန့်ရှင်းတောက်ပြောင်သောပိုက်ဆံကြိုးဖြင့် ရက်
ထားသည့် အဝတ်ကို ဝတ်ဆင်ထားကြသည်။ ရင်
ဘတ်တွင် ရွှေခါးစည်းကို ဝတ်ဆင်ထား၏။ ၇ ထို့
နောက် သတ္တဝါလေးပါးထဲက တစ်ပါးက ကောင်း
ကင်တမန်ခုနစ်ပါးတို့အား ရွှေခွက်ဖလားခုနစ်လုံး
ကိုပေးသည်။ ထိုခွက်များသည် အစဉ်အမြဲ အသက်
ရှင်သော ဘုရားသခင်၏ ဒေါသအမျက်များနှင့်
ပြည့်လျက်နေသည်။ ၈ ဗိမာန်တော်သည် ဘုရားသ
ခင်၏ ဘုန်းအသရေတော်နှင့် တန်ခိုးတော် အခိုး
အငွေ့များနှင့် ပြည့်လျက်ရှိသည်။ ကောင်းကင်
တမန်ခုနစ်ပါး၏ဘေးဒဏ်ခုနစ်မျိုးမပြီးမချင်း မည်
သူမျှ ဗိမာန်တော်ထဲသို့ မဝင်ရ။

## ဘုရားသခင်၏အမျက်တော်ခွက်ဖလားများ

၁၆ ထို့နောက် ဗိမာန်တော်မှ ကျယ်လောင်
သောအသံကို ကြားရသည်။ ထိုအသံက
ကောင်းကင်တမန်ခုနစ်ပါးအား “ဘုရားသခင်၏
ဒေါသအမျက်ဖလားခုနစ်လုံးကို ကမ္ဘာပေါ်သို့
သွန်းလောင်းလိုက်ပါ”ဟု ဆိုသည်။

၂ ပထမကောင်းကင်တမန်သည် သွား၍ သူ၏
ခွက်ဖလားကို မြေကြီးပေါ်သို့ လောင်း ချလိုက်၏။
ထိုအခါ သားရဲ၏တံဆိပ်ခတ်ခြင်းကို ခံပြီး ရုပ်တု
ကို ကိုးကွယ်သောသူများ၌ ဆိုးဝါး၍ နာကျင်သော
အနာများပေါက်လေသည်။

၃ ဒုတိယကောင်းကင်တမန်သည် သူ၏ ခွက်
ဖလားကို ပင်လယ်ထဲသို့ လောင်းချလိုက်၏။ ထို
အခါ ပင်လယ်သည် လူသေ၏သွေးကဲ့သို့ဖြစ်သွား
သည်။ ပင်လယ်ထဲ၌ရှိသော သက်ရှိသတ္တဝါအားလုံး
သေကြသည်။

၄ တတိယကောင်းကင်တမန်သည် သူ၏ ခွက်
ဖလားကိုမြစ်နှင့်စမ်းရေအပေါ်သို့ လောင်းချလိုက်
သည်။ ထိုအခါ မြစ်နှင့်စမ်းရေတို့သည် သွေးဖြစ်
သွား၏။ ၅ ထိုအခါ ရေ၏ ကောင်းကင်တမန်က
ဘုရားသခင်ကို ပြောသောစကားအား ငါကြား ရ၏။

“ကိုယ်တော်သည် ယခု၊ နောင်ကာလ
နှင့်ထာဝရဖြစ်တော်မူသည်၊
ကိုယ်တော်၏ စီရင်တော်မူသောအရာ
မှန်သမျှသည် မှန်ကန်တော်မူသည်၊
၆ ကိုယ်တော်၏သန့်ရှင်းသူများ
*(ယုံကြည်သူ)*နှင့် ပရောဖက်တို့၏
အသွေးကို လူများက သွန်းလောင်း
စေသည်၊
ယခု ထိုသူတို့သောက်ရန်
ကိုယ်တော်သည်
အသွေးကို ပေးတော်မူသည်
ဤအရာသည်သူတို့နှင့်ထိုက်တန်ပါသည်”

၇ ထို့နောက် ယဇ်ပလ္လင်က ပြောသည်ကို ငါကြားရ
သည်။

"ဟုတ်ပါသည်၊ အနန္တတန်ခိုးရှင်
ဘုရားသခင်၊ သင်၏စီရင်ချက်သည်
မှန်ကန်ဖြောင့်မတ်ပေ၏။"

၈ စတုတ္ထကောင်းကင်တမန်က သူ၏ခွက်ဖလား
ကို နေပေါ်သို့ လောင်းချလိုက်သည်။ နေသည် လူ
များကို မီးနှင့်လောင်စေနိုင်သော တန်ခိုးကို ရ၏။
၉ လူများသည် ပြင်းထန်သော အပူလောင်ခြင်းကို
ခံရကြသည်။ ထိုသူတို့သည် ဘုရားသခင်၏ နာမ
တော်ကို ကျိန်ဆဲကြ၏။ ဤဘေးဒဏ်များအားလုံး
ကို ထိန်းချုပ်နိုင်သူသည် ဘုရားသခင်တစ်ပါး
တည်းသာ ဖြစ်သည်။ သို့သော် လူတို့သည် သူတို့
၏ စိတ်နှလုံးကို ပြောင်းလဲရန်နှင့် ဘုရားသခင်၏
ဘုန်းအသရေကို ချီးမွမ်းပြီးအသက်ရှင်ရန် ငြင်းဆို
ကြသည်။

၁၀ ပဉ္စမကောင်းကင်တမန်သည် သူ၏ခွက်ဖ
လားကို သားရဲ၏ပလ္လင်ပေါ်သို့ လောင်းချလိုက်၏။
ထိုအခါ သားရဲ၏နိုင်ငံတော်ကို အမှောင်ဖုံးလွှမ်း
သွားသည်။ နာကျင်မှုကြောင့် လူတို့သည် မိမိတို့
၏လျှာကို ကိုက်ခဲကြသည်။ ၁၁ နာကျင်ခြင်းဆိုးဝါး
သည့်အနာများကြောင့် လူတို့သည် ကောင်းကင်ဘုံ
ရှင်ဘုရားသခင်ကို ကျိန်ဆဲကြ၏။ သို့သော် လူတို့
သည် စိတ်နှလုံးပြောင်းလဲပြီး မကောင်းသောအရာ
ကိုပြုလုပ်ခြင်းမှ ပြန်လှည့်လာရန် ငြင်းပယ်ကြ၏။

၁၂ ဆဋ္ဌမကောင်းကင်တမန်ကသူ၏ခွက်ဖလား
ကို ဥဖရတ်မြစ်ကြီးထဲသို့ လောင်းချလိုက်သည်။
ထိုအခါ မြစ်ရေများ ခန်းခြောက်သွားသည်။ ထိုသို့
ဖြစ်ခြင်းသည် အရှေ့မှလာသော ရှင်ဘုရင်များအ
တွက် လမ်းကို ပြင်ဆင်ပေးခြင်းဖြစ်သည်။ ၁၃ ထို့
နောက် ဖားနှင့်တူသည့် မသန့်ရှင်းသော*(မကောင်း)*
ဝိညာဉ်သုံးပါးကို တွေ့ရသည်။ သူတို့သည် သားရဲ၏
ပါးစပ်၊ မြွေကြီး၏ ပါးစပ်နှင့် ပရောဖက်အတု
အယောင်၏ ပါးစပ်ထဲမှ ထွက်လာကြသည်။ ၁၄ ထို
ဝိညာဉ်ဆိုးများသည် နတ်ဆိုး၏ဝိညာဉ်များဖြစ်၏။
အံ့သြဖွယ်သောအမှုများကိုပြုလုပ်နိုင်သောတန်ခိုး
သည် သူတို့ထံ၌ရှိသည်။ ထိုဝိညာဉ်ဆိုးများသည်
ကမ္ဘာပေါ်ရှိဘုရင်များထံသို့ သွား၍ တန်ခိုးအားလုံး
နှင့် ပြည့်စုံသော ဘုရားသခင်၏ ကြီးမြတ်သောနေ့
တွင် စစ်တိုက်ရန် ဘုရင်များကို စည်းရုံးကြသည်။

၁၅ "နားထောင်ပါ၊ ငါလာမည်၊ *(အမှတ်မထင်ဖြစ်
လိမ့်မည်)* သူခိုးလာသကဲ့သို့ဖြစ်မည်၊ နိုးထလျက်
ရှိပြီး အသင့်ဝတ်ဆင်ထားသောသူသည် ရွှင်မြူး
လိမ့်မည်။ သို့မှသာအဝတ်အချည်းစည်းမဖြစ်ဘဲနေ
၍ အရှက်ရရန်အကြောင်းမရှိ နိုင်ပေ"။

၁၆ ထို့နောက် ဝိညာဉ်ဆိုးတို့သည် ဟေဗြဲဘာသာ
ဖြင့် အာမဂေဒုန်ဟုခေါ်ဆိုသောနေရာတွင် ဘုရင်
များကို စုရုံးစေသည်။

၁၇ သတ္တမကောင်းကင်တမန်က သူ၏ခွက်ဖ
လားကိုကောင်းကင်ပြင်သို့ လောင်းချလိုက်သည်။
ထိုအခါ ဗိမာန်တော်ရှိ ပလ္လင်တော်ပေါ်မှ ကျယ်
သောအသံထွက်လာ၏။ ထိုအသံက ပြောသည်မှာ
"ပြီးဆုံးသွားပြီ"ဟူ၍ဖြစ်၏။ ၁၈ ထိုအခါ လျှပ်စီးလက်
ခြင်း၊ အသံမြည်ခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ငလျင်လှုပ်
ခြင်းများ ပေါ်ထွက်လာ၏။ ထိုငလျင်သည် ကမ္ဘာဦး
အစကပင် မဖြစ်ခဲ့ဘူးသော အဆိုးဝါးဆုံးငလျင်
ဖြစ်၏။ ၁၉ ကြီးမားသောမြို့ကြီးသည် သုံးပိုင်းကွဲထွက်
သွားသည်။ လူမျိုးတကာတို့၏မြို့များသည် ဖျက်ဆီး
ခံရသည်။ ဘုရားသခင်သည် ကြီးမားသော ဗာဗုလုန်
ကို*(ဆုံးမရန်)*မမေ့ပါ။ ထိုမြို့ကို သူ၏ဆိုးဝါးသော
ဒေါသအမျက် စပျစ်ရည်ခွက်ကို ပေး၏။ ၂၀ ကျွန်း
များအားလုံး ပျောက်ကွယ်သွားသည်။ တောင်များ
လည်း မရှိတော့ပေ။ ၂၁ ပေါင်တစ်ရာလေးသည့်
ရေခဲမိုးသီးများသည် ကောင်းကင်မှ ကျလာသည်။
ထိုမိုးသီးဒဏ်ကြောင့် လူတို့သည် ဘုရားသခင်ကို
ကျိန်ဆဲကြသည်။ ဤဘေးဒဏ်သည် အလွန်ဆိုးဝါး
လှ၏။

### သားရဲပေါ်မှ မိန်းမ

၁၇ ခွက်ဖလားခုနစ်လုံးရှိသော ကောင်းကင်
တမန်ခုနစ်ပါးထဲမှ တစ်ပါးက ကျွန်ုပ်ကို
လာ၍ စကားပြော၏။ "လာခဲ့၊ နာမည်ကျော်ကြား
သော ပြည့်တန်ဆာမအပေါ် ပြုမည့်ဆုံးမခြင်းကို
သင့်အားငါပြမည်။ သူမသည် ရေများစွာအပေါ်
တွင်ထိုင်နေသူဖြစ်သည်၊ ၂ ကမ္ဘာပေါ်ရှိဘုရင်များ
သည်သူမနှင့် မတရားသောမေထုန်မှီဝဲသောအပြစ်
ကို ပြုလုပ်ကြသည်၊ ကမ္ဘာပေါ်ရှိလူများသည် သူမ
၏ မတရားသောမေထုန်မှီဝဲခြင်းအပြစ်၏စပျစ်
ရည်ကြောင့် ယစ်မူးကြသည်"။

၃ ထို့နောက် ကောင်းကင်တမန်သည် ငါ့ကို
ဝိညာဉ်တော်အားဖြင့် သဲကန္တာရထဲသို့ သယ်ဆောင်
သွားသည်။ ထိုနေရာတွင် နီသောသားရဲပေါ်၌ ထိုင်
နေသော မိန်းမကို ငါ တွေ့ရ၏။ မကောင်းသော
အမည်များရေးထားသည့်စာက သားရဲကို ဖုံးအုပ်
ထားသည်။ သားရဲတွင် ဦးခေါင်းခုနစ်လုံးနှင့် ချို
ဆယ်ချောင်းရှိသည်။ ၄ မိန်းမသည် ခရမ်းရောင်

နှင့် အနီရောင်အဝတ်ကို ဝတ်ဆင်ထား၏။ သူမ
ဝတ်ဆင်ထားသော ရွှေ၊ ငွေ၊ ရတနာများနှင့် ပုလဲ
များကြောင့် တောက်ပလျှက်ရှိသည်။ သူ၏ လက်
ထဲတွင်ရွှေခွက်တစ်ခွက်ရှိ၏။ ထိုခွက်သည် *(မကောင်း
သော)* ဆိုးဝါးသောအရာနှင့် မသန့်ရှင်းသောသူမ
၏မတရားသောမေထုန်မှီဝဲခြင်းအပြစ်များနှင့်ပြည့်
နေသည်။ ၅ သူမ၏ နဖူးပေါ်တွင် စာတန်းရေးထား
သည်။ ထိုစာတန်းသည် လျှို့ဝှက်သောအဓိပ္ပာယ်
ရှိသည်။ ထိုရေးသားချက်မှာ ယခုဖော်ပြသည့်အရာ
များဖြစ်သည်။

## ကြီးမားသောဗာဗုလုန် ပြည့်တန်ဆာများနှင့် ကမ္ဘာပေါ်ရှိ ဆိုးယုတ်သည့်အရာများ၏မိခင်

၆ ထိုမိန်းမသည် ယစ်မူး၍ နေသည်ကို ငါတွေ့
ရသည်။ ဘုရားသခင်၏ သန့်ရှင်းသော လူများ၏
သွေးနှင့် ယေရှုကို ယုံကြည်ကြောင်း ပြောဆိုနေ
သောသူများ၏ အသွေးဖြင့် ယစ်မူးနေသည်။
ငါသည် ထိုမိန်းမကို မြင်သောအခါ အံ့ဩတွေ
ဝေနေသည်။ ၇ ထိုအခါ ကောင်းကင်တမန်က
ကျွန်ုပ်အား “သင်အဘယ်ကြောင့် အံ့ဩရသနည်း။
ဦးခေါင်းခုနစ်လုံးနှင့် ချိုဆယ်ချောင်းရှိသည့်သားရဲ
ကို စီးသော၍မိန်းမ၏ လျှို့ဝှက်သောအဓိပ္ပာယ်ကို
သင့်အား ငါပြောပြမည်။ ၈ သင်မြင်သောသားရဲ
သည် တစ်ချိန်က အသက်ရှင်၏။ သို့သော် ယခု
တွင် အသက်မရှင်၊ သို့သော် ထိုသားရဲသည် အနက်
ဆုံးတွင်းထဲမှ အသက်ရှင်လျှက်ထွက်လာပြီး ဖျက်
ဆီးခြင်းခံရန် ထွက်သွားရလိမ့်မည်။ ကမ္ဘာပေါ်ရှိ
လူများသည် ထိုသားရဲကိုတွေ့သောအခါ အံ့ဩကြ
လိမ့်မည်။ အကြောင်းမှာ တစ်ချိန်ကသူသည်အသက်
ရှင်ပြီး ယခုအသက်မရှင်သော်လည်း နောင်တွင်
ပြန်လာလိမ့်မည်ဖြစ်သောကြောင့်တည်း။ ထိုသူတို့
သည် ကမ္ဘာတည်စကပင် အသက်စာအုပ်ထဲ၌ နာ
မည် မရေးထားသောသူများဖြစ်သည်။
၉ “ထိုအရာကို သင်နားလည်ရန် ဉာဏ်ပညာ
ရှိရန်လိုသည်။ သားရဲ၌ရှိသော ဦးခေါင်းခုနစ်လုံး
သည် ထိုမိန်းမထိုင်နေသော တောင်ခုနစ်လုံးဖြစ်
သည်။ ဘုရင်ခုနစ်ပါးလည်းဖြစ်သည်။ ၁၀ ဘုရင်ငါး
ပါးသည်သေလွန်ပြီးဖြစ်သည်။ ဘုရင်တစ်ပါးသည်
ယခုအသက်ရှင်နေသည်။ နောက်ဆုံးဘုရင်သည်
ကြွလာလိမ့်မည်။ သူသည် ခဏမျှသာနေရလိမ့်
မည်။ ၁၁ တစ်ချိန်တွင် အသက်ရှင်ပြီး ယခုအသက်
မရှင်သောသားရဲသည် ရှစ်ပါးမြောက်သော ဘုရင်
ဖြစ်သည်။ ထိုရှစ်ပါးမြောက်သောဘုရင်သည်ယခင်
ဘုရင်ခုနစ်ပါးနှင့်ဆိုင်သည်။ သူသည် ဖျက်ဆီး
ခြင်းကို ခံရန်ထွက်သွားလိမ့်မည်။
၁၂ “သင်မြင်ရသည့် ချိုဆယ်ချောင်းသည် ဘုရင်
ဆယ်ပါးဖြစ်၏။ ထိုဘုရင်ဆယ်ပါးသည် သူတို့၏
နိုင်ငံတော်ကို မရရှိသေး။ သို့သော် သူတို့သည်
သားရဲနှင့် တစ်နာရီခန့် တန်ခိုးနှင့် အုပ်စိုးရလိမ့်
မည်။ ၁၃ ထိုဘုရင်ဆယ်ပါးသည် တူညီသောရည်
ရွယ်ချက်ရှိကြသည်။ သူတို့၏ တန်ခိုးနှင့်အာဏာ
ကို သားရဲအားပေးလိမ့်မည်။ ၁၄ သူတို့သည် သိုးသ
ငယ်နှင့်စစ်တိုက်လိမ့်မည်။ သို့သော် သိုးသငယ်
သည်သူတို့ကိုအောင်နိုင်လိမ့်မည်။ အဘယ်ကြောင့်
ဆိုသော် သူသည် သခင်တကာတို့၏သခင်၊ ဘုရင်
တကာတို့၏ ဘုရင်ဖြစ်သည်။ သိုးသငယ်သည် သူ
ခေါ်ဆောင်သောသူများ၊ ရွေးချယ်သော သစ္စာရှိ
သည့် နောက်လိုက်များနှင့်အတူ သူတို့ကို အောင်
နိုင်လိမ့်မည်”ဟု ပြောလေသည်။
၁၅ ထို့နောက် ကောင်းကင်တမန်က “ပြည့်တန်
ဆာမထိုင်နေသောရေကို သင်တွေ့ရပြီ။ ထိုရေများ
သည် ကမ္ဘာပေါ်ရှိလူများ၊ ကွဲပြားသောလူမျိုးစုများ၊
နိုင်ငံများ၊ ဘာသာစကားများဖြစ်သည်။ ၁၆ သားရဲနှင့်
ချိုဆယ်ချောင်း *(ဘုရင်ဆယ်ပါး)* တို့သည် ၎င်းပြည့်
တန်ဆာမကို မုန်းကြလိမ့်မည်။ သူမ၌ရှိသောအရာ
အားလုံးကိုယူပြီး သူမကို အဝတ်အချည်းစည်းနှင့်
ထားခဲ့လိမ့်မည်။ သူမ၏ ကိုယ်ခန္ဓာကို စား၍ မီး
နှင့် ရှို့လိမ့်မည်။ ၁၇ ဘုရားသခင်သည် သူ၏အလို
တော်အတိုင်းဖြစ်ရန် ထိုချိုဆယ်ချောင်းကို ပေါ်
ထွက်စေသည်။ ထိုသူတို့သည် သားရဲအား အုပ်စိုး
နိုင်သောတန်ခိုးကို ပေးရန် သဘောတူညီကြသည်။
ဘုရားသခင်မိန့်တော်မူသောအရာများ ပြည့်စုံပြီး
သည်တိုင်အောင် သူတို့သည် အုပ်စိုးရလိမ့်မည်။
၁၈ သင်တွေ့ရသော မိန်းမသည် ကမ္ဘာ၌ရှိသော
ဘုရင်များကို အုပ်စိုးသည့် မြို့ကြီးဖြစ်သည်။

## ဗာဗုလုန်ဖျက်ဆီးလိုက်ပြီ

**၁၈** ထို့နောက် ကောင်းကင်ဘုံမှ ဆင်းလာ
သောနောက်ကောင်းကင်တမန်တစ်ပါးကို
တွေ့ရသည်။ ဤကောင်းကင်တမန်သည် အလွန်
တန်ခိုးကြီးသည်။ ဤကောင်းကင်တမန်၏ ဘုန်း
အသရေသည် ကမ္ဘာကို ထွန်းတောက်စေသည်။
၂ ဤကောင်းကင်တမန်သည် တန်ခိုးနှင့်ပြည့်စုံသော

အသံဖြင့်
“သူမပျက်စီးသွားပြီ၊
ဗာဗုလုန်မြို့တော်ကြီးပျက်စီးသွားပြီ၊
သူမ(ဗာဗုလုန်)သည် နတ်ဆိုးများ၏
အိမ်ဖြစ်သွားပြီ၊
ထိုမြို့သည် မသန့်ရှင်းသောဝိညာဉ်အားလုံး
နေထိုင်သော နေရာဖြစ်လေပြီ၊
သူမသည် မသန့်ရှင်းသောငှက်မျိုးစုံနှင့်
ပြည့်သောမြို့ဖြစ်လေပြီ၊
သူမသည် မသန့်ရှင်း၍ ရွံရှာဖွယ်ကောင်း
သော သားရဲအားလုံး၏ မြို့ဖြစ်လေပြီ၊
၃ ကမ္ဘာပေါ်ရှိ လူသားအားလုံးတို့သည်
သူမ၏မတရားသောမေထုန်၌ မှိုဝဲသော
အပြစ်နှင့် ဘုရားသခင်၏ဒေါသဖြင့်ပြီးသော
စပျစ်ရည်ကို သောက်သုံးကြပြီ
ကမ္ဘာပေါ်ရှိဘုရင်များသည်
သူမနှင့်အတူ မတရားသောမေထုန်
မှိုဝဲခြင်းဖြင့် အပြစ်လုပ်ကြသည်၊
ကမ္ဘာပေါ်ရှိ ကုန်သည်များသည်
သူမ၏ကြွယ်ဝမှုနှင့် စည်းစိမ်များဖြင့်
ချမ်းသာလာကြသည်”
ဟု ကြွေးကြော်လေသည်။
၄ ထို့နောက် ကောင်းကင်ဘုံမှ အခြားသော အသံ
တစ်ခုကို ငါကြားရသည်။
“ငါ့လူမျိုးတို့၊ ထိုမြို့ထဲမှထွက်လာကြလော့၊
သို့မှသာ သူမ၏အပြစ်များနှင့်
ရောနှောမှုမရှိဘဲနေကြလိမ့်မည်၊
သူမ၌ ကျရောက်မည့်မကောင်းမှုများ၏
အမွေကို ခံရခြင်းမှ လွတ်ကြလိမ့်မည်။
၅ ထိုမြို့၏အပြစ်များသည်
ကောင်းကင်ဘုံအထိ
ဆင့်ထားလျက်ရှိသည်၊
ဘုရားသခင်သည် သူမ၏မှားယွင်းသော
အရာများပြုလုပ်ခြင်းကို မမေ့ပါ၊
၆ သူမသည် ထိုမြို့ကို အခြားသောသူအား
ပေးခဲ့သကဲ့သို့ သူမအား ပေးအပ်ပါ၊
သူမပြုသမျှထက်နှစ်ဆပြန်ပေးအပ်ပါ
အခြားသောသူများအတွက်
သူမပြင်ဆင်ခဲ့သောစပျစ်ရည်ထက်
နှစ်ဆပြင်းသောစပျစ်ရည်ကို
သူမအတွက် ပြင်ဆင်ပေးပါ၊
၇ သူမ(ဗာဗုလုန်)သည် မိမိကိုယ်ကို
များစွာသောဘုန်းအသရေနှင့်
ကြွယ်ဝသောအသက်တာကို ပေးခဲ့သည်၊
ဆင်းရဲဒုက္ခများစွာနှင့် ဝမ်းနည်းခြင်းကို
သူမအားပေးပါ၊
သူမက ‘ကျွန်မသည် ဘုရင်မဖြစ်ပြီး
ပလ္လင်ပေါ်တွင် ထိုင်နေသည်၊
ကျွန်မသည် မုဆိုးမမဟုတ်၊
ကျွန်မမည်သည့်အခါမျှ ဝမ်းနည်းမည်
မဟုတ်ပါ’ဟု ပြောခဲ့သည်။
၈ ထို့ကြောင့် မကောင်းမှုများသည်
သူမထံသို့ တစ်ရက်အတွင်း
ကျရောက်လိမ့်မည်၊
သေခြင်း၊ ဝမ်းနည်းစွာငိုကြွေးခြင်း
ကြီးမားသောဆာလောင်ခြင်းများ
ကျရောက်လာလိမ့်မည်၊
သူမသည် မီးဖြင့် ဖျက်ဆီးခံရမည်၊
အဘယ်ကြောင့်ဆိုသော်
သူမကိုတရားစီရင်သော သခင်၊
ဘုရားသခင်သည် တန်ခိုးကြီးလှသည်”
၉ သူမ (ဗာဗုလုန်) နှင့်အတူ မတရားသော
မေထုန်မှိုဝဲသော ကမ္ဘာ့ရှင်ဘုရင်များနှင့် သူမ၏
ကြွယ်ဝမှုကို မျှဝေခံစားသောသူတို့သည် သူမ မီး
လောင်ခံရသည့် မီးခိုးကိုတွေ့ရမည်။ ထို့နောက်
သူမ၏သေခြင်းကြောင့် ထိုဘုရင်များသည် ငိုကြွေး
ပြီး စိတ်မကောင်းဖြစ်ရမည်၊ ၁၀ ဘုရင်များသည်
သူမ၏ဆင်းရဲဒုက္ခများကို ကြောက်ပြီး အဝေး၌ ရပ်
နေကြလိမ့်မည်။ ဘုရင်များက
“ဖြစ်ရလေခြင်း၊ ဖြစ်ရလေခြင်း
အို ကြီးမားသောမြို့
တန်ခိုးကြီးသောဗာဗုလုန်မြို့ကြီး
သင့်အားစီရင်ဆုံးမခြင်းသည်
တစ်နာရီအတွင်းရောက်လေပြီ”ဟု ဆိုကြလိမ့်
မည်။
၁၁ ကမ္ဘာပေါ်ရှိကုန်သည်များသည် သူမ (ဗာ
ဗုလုန်) အတွက် ငိုကြွေးပြီး ဝမ်းနည်းကြလိမ့်မည်။
သူတို့ဝမ်းနည်းရခြင်းမှာ သူတို့ရောင်းသော ပစ္စည်း
များကို ဝယ်သောသူတစ်ယောက်မျှရှိမည်မဟုတ်
သောကြောင့်ဖြစ်၏။ ၁၂သူတို့သည် ရွှေ၊ ငွေ၊ ရတနာ၊
ပုလဲ၊ ပိုက်ဆံလျှော်ဖြင့် ပြုလုပ်သောအထည်များ၊
ခရမ်းရောင်အထည်များ၊ ပိုးထည်၊ ကတ္တီပါ၊ အမျိုး
မျိုးသော သို့န်သစ်သားများ၊ ဆင်စွယ်၊ အဖိုးတန်
သစ်၊ ကြေးဝါ၊ သံထည်နှင့် ကျောက်ဖြူများဖြင့် ပြု

လုပ်သောပစ္စည်းမျိုးစုံကို ရောင်းကြသည်။ ၁၃ ထို
ကုန်သည်များသည် သစ်ကြံပိုး၊ အမေမုန်၊ နံ့သာ
ပေါင်း၊ ဆီမွှေး၊ လောဗန်၊ စပျစ်ရည်၊ သံလွင်ဆီ၊
ဂျုံမှုန့်၊ နွား၊ သိုး၊ မြင်း၊ လှည်းနှင့် လူ၏ခန္ဓာကိုယ်
နှင့် ဝိညာဉ်များကို ရောင်းကြသည်။ ထိုကုန်သည်
များသည် ငိုကြွေးလျက်

၁၄ "အိုဗာဗုလုန် သင်နှစ်သက်သော
ကောင်းသောအရာများသည်
သင်ထံမှ ပျောက်ကုန်ပြီ၊
သင်၏ကြွယ်ဝ လှပဆန်းကြယ်သော
အရာအားလုံးသည် ပျောက်ကွယ်
ကုန်ပြီ၊ ထိုအရာများကို သင်သည်
ဘယ်သောအခါမျှ ပြန်ရတော့မည်
မဟုတ်"ဟု ပြောဆိုကြ၏။

၁၅ ကုန်သည်တို့သည် သူမ၏ဆင်းရဲဒုက္ခများ
ကို ကြောက်ရွံ့ပြီး သူမ(ဗာဗုလုန်)နှင့် ဝေးသော
အရပ်တွင် နေကြလိမ့်မည်။ သူတို့သည် ထိုအရာ
များကို သူမထံရောင်းချပြီး ချမ်းသာလာကြသည်။
ထိုသူတို့သည် ဝမ်းနည်းငိုကြွေးလျက်၊ ၁၆ သူတို့က

"ဖြစ်ရလေခြင်း၊ ကြီးမားသောမြို့အတွက်
ဖြစ်ရလေခြင်း၊ သူမသည် ပိုက်ဆံလျှော်အထည်
ခရမ်းရောင်နှင့် ကြက်သွေးရောင် အဝတ်တို့
ကို ဝတ်ဆင်လျက် ရွှေရတနာများနှင့်
ပုလဲများဖြင့် တောက်ပနေသည်၊
၁၇ ဤကြွယ်ဝခြင်းအားလုံးသည် တစ်နာရီအတွင်း
ပျက်စီးသွားလေပြီ" ဟု ပြောကြလိမ့်မည်။

သင်္ဘောနှင့် ခရီးသွားသောသူအားလုံး၊ သင်္ဘော
သားများ၊ ပင်လယ်မှ ငွေများစွာကို ရရှိသောသူ
များသည် ဗာဗုလုန်မှ ဝေးသောအ ရပ်တွင်နေကြ
၏။ ၁၈ သူမကို မီးလောင်သော မီးခိုးများကို သူတို့
တွေ့ကြသည်။ သူတို့က "ဤမျှလောက်ကြီးမြတ်
သောမြို့ မတည်မရှိခဲ့ဘူးသေးပါ"ဟု ကျယ်လောင်
စွာပြောကြသည်။ ၁၉ သူတို့၏ဦးခေါင်းပေါ်သို့ မြေ
မှုန့်များပစ်တင်ကာ ဝမ်းနည်းစွာဖြင့် ငိုကြွေးကြ၏။
သူတို့က

"ဖြစ်ရလေခြင်း၊ ကြီးမြတ်သောမြို့အတွက်
ဖြစ်ရလေခြင်း၊
ပင်လယ်ထဲတွင်ရှိသော သင်္ဘောများကို
ပိုင်သောသူများသည် သူမ၏
ကြွယ်ဝမှုကြောင့် ချမ်းသာလာကြသည်၊
သို့သော် သူမသည် တစ်နာရီအတွင်း
ပျက်စီးသွားလေပြီ၊

၂၀ အိုကောင်းကင်ဘုံ ထိုအရာအတွက်
ဘုရားသခင်၏သန့်ရှင်းသူများ
*(ယုံကြည်သူ)* တပည့်တော်များ
ပရောဖက်များ ဝမ်းမြောက်ကြပါ၊
သင်တို့ကို သူမပြုခဲ့သောအရာများအတွက်
ဘုရားသခင်သည် သူမအား
အပြစ်ဒဏ်စီရင်တော်မူသည်"ဟု ကျယ်
လောင်စွာပြောကြသည်။

၂၁ ထို့နောက်တန်ခိုးကြီးသော ကောင်းကင်တ
မန်သည် ကျောက်ကြိတ်စက်ကြီးကဲ့သို့

"ကြီးမားသောကျောက်ကို ကောက်ယူ၍
ပင်လယ်ထဲသို့ပစ်ချလိုက်သကဲ့သို့
ဗာဗုလုန်မြို့ကြီးသည်လည်း
ထိုသို့ပစ်ချခြင်းကို ခံရမည်။
ထိုမြို့ကို ဘယ်သောအခါမျှ
တွေ့ရလိမ့်မည် မဟုတ်၊
၂၂ လူများ၏ စောင်းနှင့်အခြားတူရိယာ
တီးသောသီချင်းသံ၊ ပုလွေသံ
တံပိုးသံများကို သင်၏အထဲ၌
ဘယ်သောအခါမျှ ကြားရတော့မည်
မဟုတ်၊ အလုပ်လုပ်သောသူကိုလည်း
သင့်အထဲ၌ တွေ့ရလိမ့်မည်မဟုတ်၊
ကျောက်ကြိတ်စက်သံကိုလည်း
သင့်အထဲတွင်ကြားရတော့မည် မဟုတ်၊
၂၄ သူမ *(ဗာဗုလုန်)* သည် ပရောဖက်၏
အသွေး*(သွေးခြင်း)*
ဘုရားသခင်၏သန့်ရှင်းသူများ
*(ယုံကြည်သူများ)* နှင့်ကမ္ဘာပေါ်တွင်
အသတ်ခံရသောသူများအားလုံးကို
သတ်ခြင်းအပြစ်ကို ကျူးလွန်၏"

## ကောင်းကင်ဘုံ၌ရှိသောသူများ ဘုရားသခင်ကို ချီးမွမ်းကြခြင်း

၁၉ ထို့နောက် ကောင်းကင်ဘုံ၌ လူများစွာ
၏အသံကို ကြားရသည်။ ထိုလူများ ပြော
သည်မှာ

"ဟာလေလုယာ၊
ဘုရားသခင်ကို ချီးမွမ်းပါ၊
အောင်မြင်ခြင်းဘုန်းအသရေနှင့်
တန်ခိုးတော်သည် ဘုရားသခင်နှင့်
သက်ဆိုင်သည်၊
၂ ကိုယ်တော်၏စီရင်မှုသည်

ဖြောင့်မတ်မှန်ကန်သည်၊
ကျွန်ုပ်တို့၏ဘုရားသခင်သည်
ပြည့်တန်ဆာမကို ဆုံးမတော်မူသည်။
သူမသည် မတရားသောမေထုန်မှီဝဲခြင်းဖြင့်
ကမ္ဘာကို ဆိုးယုတ်စေသည်။
ဘုရားသခင်သည်
သူ၏အစေများ၏အသွေး*(သေခြင်း)* ကို
ပေးဆပ်ရန်အတွက်
ပြည့်တန်ဆာမကို စီရင်ဆုံးမတော်မူ၏၊
၃ ကောင်းကင်ဘုံရှိလူများကလည်းပြောသည်။
"ဟာလေလုယာ
*(ဘုရားသခင်ကို ချီးမွမ်းပါ)*
သူမကို မီးလောင်နေသည်၊
သူမ၏အခိုးများသည်
အစဉ်အမြဲ လွင့်တက်နေလိမ့်မည်"
၄ ထိုအခါ အသက်ကြီးသူနှစ်ဆယ့်လေးယောက်
နှင့် သတ္တဝါလေးပါးတို့သည် ပြပ်ဝပ်လျက် ပလ္လင်
တော်ပေါ်တွင် ထိုင်နေသော ဘုရားသခင်ကို ကိုး
ကွယ်ကြသည်။ သူတို့က
"အာမင်၊ ဟာလေလုယာ
*(ဘုရားသခင်ကို ချီးမွမ်းပါ)*"ဟုပြောကြသည်။
၅ ထို့နောက် ပလ္လင်ပေါ်မှ အသံလာသည်မှာ
"ဘုရားသခင်ကို ချီးမွမ်းကြပါ
ကိုယ်တော်၏အစေကိုခံသောသူ
အပေါင်းတို့ ဘုရားသခင်ကို
ချီးမွမ်းကြပါ၊
လူကြီးလူငယ်အပေါင်းတို့
ကိုယ်တော်ကိုရိုသေကြပါ"ဟူ၍ဖြစ်သည်။
၆ ထို့နောက် လူများစွာတို့၏ အသံ၊ ရေလျှံ
သောအသံနှင့် ကျယ်လောင်သောမိုးကြိုးသံကဲ့သို့
တူသောအသံကို ငါကြားရသည်။ သူတို့က
"ဟာလေလုယာ
*(ဘုရားသခင်ကို ချီးမွမ်းကြပါ)*
ငါတို့၏သခင် ဘုရားသခင်
အုပ်စိုးတော်မူ၏၊
သူသည် အလုံးစုံသောတန်ခိုးတော်နှင့်
ပြည့်စုံ၏၊
၇ ငါတို့ဝမ်းမြောက်ပျော်ရွှင်စွာနှင့်
ဘုရားသခင်၏ ဘုန်းအသရေတော်ကို
ချီးမွမ်းကြပါစို့၊
ဘုရားသခင်၏ဘုန်းအသရေကို
ချီးမွမ်းကြစို့၊ အကြောင်းမှာ
သိုးသငယ် *(ယေရှု)*၏
မင်္ဂလာပွဲရောက်ပြီ၊
သိုးသငယ်၏ သတို့သမီး(အသင်းတော်)
သည်လည်း အသင့်ရှိပြီ၊
၈ ကောင်းသောပိုက်ဆံလျှော်အဝတ်ကို
သတို့သမီးအားပေးလေပြီ
ထိုအဝတ်သည်
တောက်ပြောင်သန့်ရှင်း၏"

(ကောင်းသောပိုက်ဆံလျှော်အဝတ်အထည်သည်
ဘုရားသခင်၏ သန့်ရှင်းသူများ*(ယုံကြည် သူများ)*
၏ ကောင်းမှုကို ပြသည်ဟု ပြောကြသည်)။
၉ ထို့နောက်ကောင်းကင်တမန်က ကျွန်ုပ်အား
"ဤအရာကိုရေးမှတ်ပါ၊ သိုးသငယ်၏မင်္ဂလာစားပွဲ
ကို ဖိတ်ခေါ်ခံရသောလူအားလုံးတို့သည် ကောင်း
ချီးခံစားရ၏ *(ပျော်ရွှင်ကြ၏)*"ဟု ဆိုပြီးနောက်
ကောင်းကင်တမန်က "ဤစကားသည် ဘုရား
သခင်၏မှန်ကန်သောစကားဖြစ်၏"ဟုပြောသည်။
၁၀ ထို့နောက် ငါသည် ထိုကောင်းကင်တမန်
၏ခြေတော်ရင်း၌ ပြပ်ဝပ်၍ကိုးကွယ်၏။ သို့သော်
ကောင်းကင်တမန်က ကျွန်ုပ်အား "ငါ့ကို မကိုး
ကွယ်နှင့်။ ငါသည် သင်နှင့် သင်၏ညီအစ်ကိုများ
ကဲ့သို့ပင် အစေခံသာဖြစ်သည်။ ဘုရားသခင်ကို
သာ ကိုးကွယ်ပါ။ အကြောင်းမှာ ယေရှု၏သစ္စာစကား
သည် ဝိညာဉ်တော်၏ ပရောဖက်ပြုခြင်းဖြစ်သည်"
ဟု ပြောဆို၏။

**မြင်းဖြူကို စီးသောသူ**

၁၁ ထို့နောက် ကောင်းကင်ဘုံပွင့်နေသည်ကို
ငါတွေ့ရ၏။ ငါ၏ရှေ့တွင် မြင်းဖြူတစ်ကောင်ပေါ်
လာပြီးမြင်းဖြူစီးလာသူကို သစ္စာနှင့် မှန်ကန်သော
သူဟု ခေါ်သည်။ သူသည် စီရင်ခြင်းနှင့် စစ်တိုက်
ခြင်းတွင် မှန်ကန်သောသူဖြစ်သည်။ ၁၂ သူ၏မျက်စိ
သည် တောက်လောင်နေသော မီးကဲ့သို့ဖြစ်သည်။
သူ၏ဦးခေါင်းထက်၌ သရဖူများစွာရှိ၏။ သူ့အပေါ်
တွင် အမည်တစ်ခုရေးမှတ်ထား၏။ သို့သော် ထို
အမည်ကို သူတစ်ယောက်တည်း သာသိသည်။
၁၃ သူသည် အသွေးထဲ၌ နှစ်ထားသောအဝတ်ကို
ဝတ်ဆင်သည်။ သူ၏အမည်မှာ ဘုရားသခင်၏
နှုတ်ကပတ်တော်ဖြစ်၏။ ၁၄ ကောင်းကင်ဘုံ၏ စစ်
သည်တော်များသည် မြင်းဖြူများကို စီးလျက် သူ၏
နောက်သို့ လိုက်ကြသည်။ သူတို့သည် ဖြူစင်သော
ပိုက်ဆံလျှော်အဝတ်ကိုဝတ်ဆင်ကြသည်။ ၁၅ မြင်းစီး

သူ၏ ပါးစပ်ထဲမှ ထက်သော သန်လျက်ထွက်လာ
သည်။ ထိုသံလျက်ဖြင့် တိုင်းနိုင်ငံများကိုအောင်နိုင်
ပြီး သံလှံတံနှင့် အုပ်စိုးလိမ့်မည်။ သူသည် စပျစ်သီး
ကို အလုံးစုံသောတန်ခိုးနှင့် ပြည့်စုံသော ဘုရား
သခင်၏ ဒေါသအမျက်နှင့်တူသော စပျစ်ကြိတ်
စက်တွင်ထည့်၍ အရည်ညှစ်လိမ့်မည်။ ၁၆ သူ၏
ဝတ်ရုံနှင့်ခြေပေါ်တွင်

**ဘုရင်တကာတို့၏ဘုရင်**
**သခင်တကာတို့၏သခင်**

ဟူသော အမည်ကို ရေးထားသည်။
၁၇ ထို့နောက် နေထဲတွင် ရပ်နေသော ကောင်း
ကင်တမန်တစ်ပါးကို ငါတွေ့ရသည်။ ကောင်း
ကင်ထဲ၌ပြန်တက်နေသော ငှက်အားလုံးကို “ဘုရား
သခင်၏ ကြီးမားသော ညစာစားပွဲသို့ တက်ရောက်
ကြပါ၊ ၁၈ ဘုရင်များ၊ မိဖုရားများ၊ ဗိုလ်ချုပ်များနှင့်
ကျော်ကြားသော သူများ၏အသားကို စားရန် လာ
ရောက် စုဝေးကြပါ။ မြင်းနှင့် မြင်းစီးသူများ၊ လူ
လွတ်၊ ကျွန်၊ နိမ့်ကျသူ၊ ကြီးမြတ်သူ လူအားလုံးတို့
၏အသားကို စားရန် လာကြပါ”ဟု ကျယ်လောင်
သောအသံဖြင့် ကောင်းကင်တမန်က ပြောသည်။
၁၉ ထို့နောက်သားရဲနှင့် လောကီရှင်ဘုရင်များ
ကို ငါမြင်ရ၏။ သူတို့၏ စစ်သည်များသည် မြင်းစီး
သူ၏စစ်သည်တော်များကိုစစ်တိုက်ရန် အတူတကွ
စုဝေးကြ၏။ ၂၀ သို့သော် သားရဲသည် ဖမ်းဆီး ခံရ
သည်။ ပရောဖက်အတုအယောင်ကိုလည်း ဖမ်း
မိကြသည်။ ထိုပရောဖက်အတုအယောင်သည်
သားရဲအတွက် အံ့သြဖွယ်သောအမှုကို ပြုလုပ်ပေး
သောသူဖြစ်သည်။ သားရဲ၏တံဆိပ်ခတ်ခြင်း ခံရ
သူနှင့် ရုပ်တုကိုးကွယ်သူတို့ကို လှည့်ဖြားရန် ထို
ပရောဖက်အတုအယောင်က ပြုစားလေသည်။
ပရောဖက်အတုအယောင်နှင့် သားရဲတို့ကို ကန့်
ငရဲမီးထဲသို့ ပစ်ချလိုက်သည်။ ၂၁ သူတို့၏စစ်သည်
များသည် မြင်းစီးသူ၏ ပါးစပ်ထဲမှ ထွက်လာသော
သန်လျက်ကြောင့် သေကြသည်။ ငှက်အားလုံးတို့
သည် ထိုအသေကောင်များ၏အသားကို ဝစွာစား
ကြရသည်။

**အနှစ်တစ်ထောင်**

၂၀ ကောင်းကင်ဘုံမှ ကောင်းကင်တမန်တစ်
ပါးဆင်းလာသည်ကို ငါ တွေ့ရ၏။ ထို
ကောင်းကင်တမန်တွင် အဆုံးမရှိသော နက်ရှိုင်း
သောတွင်း၏သော့ရှိ၏။ ထိုကောင်းကင်တမန်၏
လက်ထဲတွင် ကြီးမားသော သံကြိုးကို ကိုင်ထား၏။
၂ ကောင်းကင်တမန်သည် မြွေကြီး *(ရှေးမြွေဟောင်း)*
ကို ဖမ်းကိုင်လိုက်၏။ မြွေကြီးသည် မကောင်းဆိုးဝါး
*(သို့မဟုတ် စာတန်)*ဖြစ်၏။ ကောင်းကင်တမန်က
မြွေ ကြီးကို နှစ်ပေါင်းတစ်ထောင် ချည်နှောင်ထား
လိုက်၏။ ကောင်းကင်တမန်သည် မြွေကြီးကို
နက်ရှိုင်းသောတွင်းထဲသို့ ပစ်ချလိုက်ပြီး တွင်းဝကို
ပိတ်ကာ သော့ခတ်ထားလေသည်။ ၃ ကောင်းကင်
တမန်နှစ်ပေါင်းတစ်ထောင် ကုန်ဆုံးသည်အထိ မြွေ
သည် လူတို့ကို မလှည့်စားနိုင်ရန် ထိုသို့ပြုလုပ်
လေသည်။ နှစ်ပေါင်းတစ်ထောင် ပြည့်ပြီးသည့်
နောက်တွင် ထိုမြွေကို ခဏသာလွတ်လပ်ခွင့် ပေး
လိမ့်မည်။
၄ ထို့နောက် ပလ္လင်တစ်ချို့ကိုလည်းကောင်း၊
ပလ္လင်များပေါ်တွင် ထိုင်နေကြသော လူများကို
လည်းကောင်း ငါမြင်ရ၏။ ထိုသူတို့သည် တရား
စီရင်နိုင်သော တန်ခိုးကို ခံရသူများဖြစ်သည်။ ထို့
နောက် အသတ်ခံရသော သူတို့၏ဝိညာဉ်များကို
ငါတွေ့ရသည်။ သူတို့သည် ဘုရားသခင်ထံမှ မှန်
သောယေရှု၏ သတင်းစကားအပေါ် သစ္စာရှိသော
ကြောင့် ဖြစ်သည်။ ထိုသူများသည် သားရဲနှင့် သူ၏
ရုပ်တုကို မကိုးကွယ်ကြချေ။ သူတို့သည် သူတို့၏
နဖူးနှင့်လက်ပေါ်တွင် သားရဲ၏ တံဆိပ်ခတ်ခြင်း
မရှိပေ။ ထိုသူတို့သည် ပြန်လည် ထမြောက်ပြီး
ခရစ်တော်နှင့် နှစ်ပေါင်းတစ်ထောင် အုပ်စိုးမည်။
၅ (သေလွန်သူအချို့သည် နှစ်ပေါင်းတစ်ထောင်
ကုန်ဆုံးသည့်တိုင် ပြန်၍ ထမြောက်ခြင်းမရှိပေ)။
ဤအရာသည် ပထမဦးဆုံး သေခြင်းမှ ပြန်လည်
ထမြောက်ခြင်းဖြစ်သည်။ ၆ ပထမဆုံးရှင်ပြန် ထ
မြောက်ခြင်းကို ရရှိသောသူများ ကောင်းချီးမင်္ဂလာ
နှင့်ပြည့်စုံ *(ပျော်ရွှင်)*ကြသည်။ ဒုတိယသေခြင်းသည်
ထိုသူများအပေါ် အုပ်စိုးရသောတန်ခိုးမရှိတော့ပေ။
ထိုသူများသည် ဘုရားသခင်နှင့် ခရစ်တော်အတွက်
ယဇ်ပုရောဟိတ်များဖြစ်လိမ့် မည်။ ထိုသူတို့သည်
ခရစ်တော်နှင့်အတူ နှစ်ပေါင်းတစ်ထောင်အုပ်စိုး
လိမ့်မည်။

**စာတန်ကိုအောင်နိုင်ခြင်း**

၇ နှစ်ပေါင်းတစ်ထောင်ပြီးဆုံးသောအခါ စာတန်
ကို နက်ရှိုင်းသောတွင်းထဲမှ လွှတ်လိမ့်မည်။ ၈ စာ
တန်သည် ဂေါဂ၊ မာဂေါဂတည်းဟူသော ကမ္ဘာ
ပေါ်ရှိ လူမျိုးအားလုံးကို လှည့်စားရန် ထွက်သွား
လိမ့်မည်။ စာတန်သည် စစ်တိုက်ရန် ပင်လယ်

ကမ်းခြေမှ သဲများကဲ့သို့ များစွာသောလူတို့ကို
စုစည်းလိမ့်မည်။ လူများစွာရှိလိမ့်မည်။ ၉ စာတန်
၏စစ်သည်များသည် ဘုရားသခင်၏လူများစုဝေး
ရာတပ်ဦးလည်းကောင်း၊ ဘုရားသခင်ချစ်သော
မြို့ဦးလည်းကောင်း တက်၍စုဝေးကြသည်။ သို့သော်
ကောင်းကင်ဘုံမှ မီးများကျလာပြီး စာတန်၏ စစ်
သည်များကို ဖျက်ဆီးလိုက်သည်။ ၁၀ ထို့နောက်
စာတန် *(လူများကိုလှည့်စားသောသူ)* ကို သားရဲနှင့်
တကွ ပရောဖက်အတုအယောင်များကို ငရဲမီးအိုင်
ထဲသို့ ပစ်ချခြင်း ခံရသည်။ သူတို့သည် နေ့ညအ
စဉ်မပြတ်ညှဉ်းဆဲ *(ဆုံးမ)* ခြင်း ခံရလိမ့်မည်။

**ကမ္ဘာပေါ်ရှိလူများ စီရင်ခံရခြင်း**

၁၁ ထို့နောက် ကြီးမားသောပလ္လင်ဖြူကြီးတစ်ခု
ကိုလည်းကောင်း၊ ပလ္လင်ပေါ်တွင် ထိုင်နေသူတစ်
ဦးကိုလည်းကောင်း တွေ့ရသည်။ ကမ္ဘာနှင့် မိုး
ကောင်းကင်တို့သည် သူ၏ရှေ့မှလွင့်ထွက်ပျောက်
ကွယ်သွားသည်။ ၁၂ ထို့နောက် သေပြီးသောသူ
အကြီးအငယ်များကို ပလ္လင်ရှေ့တွင် ရပ်နေသည်
ကိုတွေ့ရသည်။ အသက်စာအုပ်နှင့် အခြားစာအုပ်
များလည်း ဖွင့်ထားသည်။ ထိုသေသောသူများသည်
သူတို့ပြုလုပ်ခဲ့သောအရာများအတွက် စာအုပ်ထဲ
တွင် ရေးသားထားသည်အတိုင်း စီရင်ခြင်းကို ခံကြ
ရသည်။ ၁၃ ပင်လယ်သည် သူတို့အထဲမှ သေသော
သူများကို ပြန်ပေးအပ်၏။ သေခြင်းနှင့် မရဏာ
နိုင်ငံကသူတို့အထဲတွင်ရှိသောသူများကိုပြန်ပေး
အပ်၏။ လူတစ်ဦးစီတို့သည် မိမိတို့ပြုခဲ့သည်အတိုင်း
စီရင်ခြင်းကို ခံရ၏။ ၁၄ ထို့နောက် သေခြင်းနှင့်
မရဏာနိုင်ငံတို့ကို မီးအိုင်ထဲသို့ ပစ်ချလိုက်၏။
ထိုမီးအိုင်သည် ဒုတိယသေခြင်းဖြစ်သည်။ ၁၅ အ
သက်စာအုပ်ထဲတွင် မိမိ၏အမည်ရေးထားခြင်း
မရှိသောသူကို မီးအိုင်ထဲသို့ ပစ်ချလိုက်သည်။

**အသစ်သောယေရုရှလင်**

၂၁ ထို့နောက်ကောင်းကင်ဘုံအသစ်နှင့်ကမ္ဘာ
အသစ်ကို တွေ့ရသည်။ ပထမကောင်း
ကင်ဘုံနှင့် ပထမကမ္ဘာတို့ ပျောက်ကွယ်သွား၏။
ယခုပင်လယ်မရှိတော့ပေ။ ၂ ကောင်းကင်ဘုံရှင်
ဘုရားသခင်ထံတော်မှသန့်ရှင်းသောမြို့ဆင်းသက်
သည်ကို ကျွန်ုပ်တွေ့ရ၏။ ထိုသန့်ရှင်းသောမြို့သည်
ယေရုရှလင်မြို့သစ်ဖြစ်သည်။ ထိုမြို့သစ်သည်သတို့
သားအတွက် ပြင်ဆင်ထားသော သတို့သမီးကဲ့သို့
ဖြစ်သည်။ ၃ ပလ္လင်ပေါ်မှ ကျယ်လောင်သောအသံ
နှင့် ပြောသည်မှာ "ဘုရားသခင်၏အိမ်တော်သည်
လူနှင့်အတူရှိ၏၊ ကိုယ်တော်သည် သူတို့နှင့်အတူ
နေထိုင်မည်။ သူတို့သည် ကိုယ်တော်၏ လူများဖြစ်
မည်။ ဘုရားသခင်ကိုယ်တော်တိုင်သူတို့နှင့်အတူ
ရှိပြီး သူတို့၏ဘုရားသခင်ဖြစ်မည်။ ၄ သူတို့မျက်စိ
ထဲမှ မျက်ရည်အားလုံးကို ဘုရားသခင်သုတ် ပေး
တော်မူလိမ့်မည်။ သေခြင်း၊ ဝမ်းနည်းခြင်း၊ ငိုကြွေး
ခြင်းနှင့် နာကျင်ခြင်းများ မရှိတော့ပေ။ ဟောင်းနွမ်း
သောလမ်းအားလုံးပျောက်သွားလေပြီ"
၅ ပလ္လင်ပေါ်တွင် ထိုင်သောသူက "ကြည့်ပါ၊
အားလုံးကို ငါအသစ်ဖြစ်စေပြီ" ဟု ပြောသည်။ ထို့
နောက်တဖန် "ထိုအရာကို ရေးမှတ်ပါ၊ အကြောင်း
မှာ ဤနှုတ်ကပတ်တော်များသည် မှန်ကန်ပြီး
ယုံကြည်ထိုက်သည်" ဟု ဆိုသည်။
၆ ပလ္လင်ပေါ်တွင်ထိုင်သောသူက "အားလုံးပြီး
စီးသွားပြီ၊ ငါသည် အာလဖနှင့် ဩမေဃဖြစ်သည်။
အစနှင့်အဆုံးလည်းဖြစ်သည်။ ရေငတ်သောသူ
အားလုံးကို အသက်ထာဝရစမ်းရေတွင်းမှ သက်
စမ်းရေကို အဖိုးမယူဘဲ ပေးမည်။ ၇ အောင်နိုင်
သောသူတစ်ဦးစီသည် ထိုအရာကို ရလိမ့်မည်။ ငါ
သည် သူတို့၏ဘုရားသခင်ဖြစ်ပြီး သူသည် ငါ၏
သားဖြစ်လိမ့်မည်။ ၈ သို့သော် သူရဲဘောကြောင်
သောသူများ၊ ယုံကြည်ရန်ငြင်းဆန်သူများ၊ ဆိုးယုတ်
သောအမှုကိုပြုသူများ၊ လူ့အသက်ကို သတ်သော
သူများ၊ မတရားသောမေထုန်ကို မှီဝဲသောသူများ၊
ပြုစားတတ်သောသူများ၊ ရုပ်တုကို ကိုးကွယ်သော
သူများနှင့် လိမ်လည်ပြောဆိုသောသူများအားလုံး
သည် ကန့်ငရဲမီးအိုင်ထဲတွင် နေရာကျလိမ့်မည်။
ထိုသေခြင်းသည် ဒုတိယသေခြင်းဖြစ်သည်"
၉ ကောင်းကင်တမန်ခုနှစ်ပါးထဲကတစ်ပါးသည်
ငါ့ ထံသို့ လာ၏။ ထိုကောင်းကင်တမန်သည်
နောက်ဆုံးဒုက္ခခုနှစ်မျိုးဖြင့်ပြည့်စုံသောခွက်ဖလား
ခုနှစ်လုံးရှိသော ကောင်းကင်တမန်ခုနှစ်ပါးထဲမှ
တစ်ပါးဖြစ်သည်။ ထိုကောင်းကင်တမန်က ကျွန်ုပ်
အား "ငါနှင့်လိုက်လာပါ၊ သိုးသငယ်၏ဇနီး၊ သတို့
သမီးကို ငါပြမည်" ဟု ပြောသည်။ ၁၀ ကောင်းကင်
တမန်သည် ဝိညာဉ်တော်အားဖြင့် ကျွန်ုပ်အား ကြီး
မား၍မြင့်သောတောင်ကြီးဆီသို့ သယ်ဆောင်သွား
သည်။ ထိုကောင်းကင်တမန်က ကျွန်ုပ်အား သန့်
ရှင်းသောမြို့တော် ယေရုရှလင်ကို ပြသည်။ ၎င်း
သည် ကောင်းကင်ဘုံဘုရားသခင်ထံမှ ဆင်းလာ
သည့် မြို့တော်ဖြစ်သည်။ ၁၁ ထိုမြို့တော်သည်

အဖိုးတန်သည့် ရတနာနဂါးသွဲ့ကဲ့သို့ ဘုရားသခင်
၏ဘုန်းအသရေနှင့် တောက်ပနေပြီး ကျောက်သ
လင်းကဲ့သို့ ကြည်လင်နေသည်။ ၁၂ ထိုမြို့တွင် ကြီး
မြင့်သောမြို့ရိုးရှိပြီး တံခါးတစ်ဆယ့်နှစ်ခု ရှိသည်။
ထိုတံခါးများတွင် ကောင်းကင်တမန်တစ်ဆယ့်
နှစ်ပါးရှိသည်။ တံခါးတစ်ခုစီအပေါ်တွင် ဂျူးလူ
မျိုးစုတစ်ဆယ့်နှစ်စု၏ အမည်တစ်ခုစီ ရေးသား
ထားသည်။ ၁၃ ထိုတံခါးများသည် အရှေ့ဘက်တွင်
သုံးခု၊ မြောက်ဘက်တွင် သုံးခု၊ တောင်ဘက်တွင်
သုံးခု၊ အနောက်ဘက်တွင် သုံးခုရှိသည်။ ၁၄ မြို့၏
နံရံများကို ကျောက်အုတ်မြစ်တစ်ဆယ့်နှစ်ခု ပေါ်
တွင် တည်ထား၏။ ထိုကျောက်များပေါ်တွင် သိုး
သငယ်၏တမန်တော်တစ်ဆယ့်နှစ်ပါး၏အမည်များ
ကို ရေးသားထားသည်။
၁၅ ငါနှင့်စကားပြောသော ကောင်းကင်တမန်
တွင် တိုင်းတာရန်အတွက် ရွှေဖြင့် ပြုလုပ်သော
တုတ်တံတစ်ချောင်းရှိသည်။ မြို့၏တံခါးနှင့် နံရံများ
ကို တိုင်းတာရန် ထိုပေတံကို ကောင်းကင် တမန်
က ကိုင်ထားသည်။ ၁၆ မြို့ကို လေးထောင့်ပုံ တည်
ဆောက် ထားသည်။ မြို့အလျားနှင့်အနံသည် တူ
၏။ ကောင်းကင်တမန်သည် တုတ်တံနှင့် မြို့ကို
တိုင်းတာ၏။ မြို့သည် ယူဇနာတစ်ရာ့နှစ်ဆယ် မြင့်
ပြီး၊ အလျား၊ အနံ ယူဇနာ တစ်ရာ့နှစ်ဆယ် စီရှိသည်။
၁၇ နံရံထုကိုလည်း ကောင်းကင်တမန်က တိုင်း
သည်။ တစ်ရာလေးဆယ့်လေးကုဗ အမြင့်ရှိ၏။
ကောင်းကင်တမန်သည် လူတို့အသုံးပြုသော တိုင်း
တာသည့်နည်းတူ တိုင်းတာသည်။ ၁၈ နံရံကို နဂါး
သွဲ့ကျောက်ဖြင့် ပြုလုပ်ထားသည်။ မြို့ကို ဖန်သား
ပြင်ကဲ့သို့ ဖြူစင်သည့် စင်ကြယ်သော ရွှေဖြင့် မွမ်းမံ
ထားသည်။ ၁၉ မြို့နံရံ၏ အုတ်မြစ်ကျောက်တွင် အဖိုး
တန်သော ကျောက်မျက်ရတနာများစွာရှိသည်။
ပထမအုတ်မြစ်သည် နဂါးသွဲ့၊ ဒုတိယတွင် နီလာ၊
တတိယတွင် မဟူရာ၊ စတုတ္ထတွင် မြ၊ ၂၀ ပဥ္စမတွင်
ကြောင်၊ ဆဋ္ဌမတွင် ကျောက်နီ၊ သတ္တမတွင် ခရု
သုလိတ်၊ အဋ္ဌမ တွင် မျက်ရွဲ၊ နဝမတွင် ဥဿဖရား၊
ဒသမတွင် ခရုသုပြတ်၊ ဧကဒသမတွင် ဗုကိန္သူ၊
ဒွါဒသမတွင် ဂေါ်မုတ်များဖြစ်သည်။ ၂၁ တံခါးတစ်
ဆယ့်နှစ်ခုသည် ပုလဲတစ်ဆယ့်နှစ်ခု ဖြစ်သည်။
တံခါးတစ်ခုစီကို ပုလဲတစ်လုံးစီဖြင့် ပြီး၏။ မြို့၏
လမ်းကို ရွှေအတိဖြင့် ပြုလုပ်သည်။ ရွှေသည် မှန်
သားကဲ့သို့ကြည်လင်၏။
၂၂ မြို့ထဲတွင် ဗိမာန်တော်ကို မတွေ့ရပါ။
တန်ခိုးအားလုံးနှင့်ပြည့်သော ဘုရားသခင်နှင့် သိုး
သငယ် *(ယေရှု)*သည် မြို့၏ဗိမာန်တော် ဖြစ် သည်။
၂၃ ထိုမြို့တွင် နေနှင့် လ၏ အလင်းရောင်ကို မလို
အပ်ပေ။ ဘုရားသခင်၏ ဘုန်းအသရေသည် မြို့ကို
အလင်းပေး၏။ သိုးသငယ် *(ယေရှု)*သည်မြို့၏အလင်း
ဖြစ်သည်။ ၂၄ ကမ္ဘာပေါ်ရှိ လူသားများသည် သိုးသ
ငယ်ပေးသော အလင်းထဲတွင် လမ်းလျှောက်သွား
ကြလိမ့်မည်။ လောကီရှင်ဘုရင်များသည် သူ၏
ဘုန်းအသရေကို မြို့သို့ သယ်ဆောင်လာလိမ့်မည်။
၂၅ မည်သည့်နေ့တွင်မျှ မြို့တံခါးကို ပိတ်မထားပါ။
အကြောင်းမူကား ထိုနေရာတွင် ညမရှိပါ။ ၂၆ နိုင်ငံ
များ၏ ကြီးမြတ်ခြင်းနှင့် ဂုဏ်အသရေတို့ကို ထိုမြို့
ထဲသို့ သယ်ဆောင်လာကြလိမ့်မည်။ ၂၇ မသန့်ရှင်း
သည့်အရာတစ်ခုမျှ မြို့ထဲကို မဝင်စေရ၊ ရှက်ဖွယ်
အမှုအရာပြုသူနှင့် လိမ်လည်ပြောဆိုသူများသည်
ထိုမြို့ထဲသို့ မဝင်စေရ။ သိုးသငယ်၏ အသက်စာ
အုပ်ထဲတွင် အမည်ရေးထားသောသူများသာ ထိုမြို့
ထဲသို့ဝင်ရလိမ့် မည်။

၂၂ ထို့နောက် ကောင်းကင်တမန်က ငါ့အား
အသက်ရေစီးသော မြစ်ရေကို ပြ၏။ ထို
မြစ်သည် ဘုရားသခင်နှင့် သိုးသငယ်ထံမှ စီးဆင်း
လာပြီး ကျောက်သလင်းကဲ့သို့ ကြည်လင်၏။ ၂ မြို့
၏လမ်းမအလယ်၌ စီးဆင်းနေ၏။ မြစ်၏တစ်ဘက်
စီတွင် အသက်ပင်ရှိ၏။ ထိုအသက်ပင်သည် တစ်
နှစ်လျှင် တစ်ဆယ့်နှစ်ကြိမ် လစဉ်အသီးသီး၏။ ထို
သစ်ပင်မှ သစ်ရွက်များသည် လူအားလုံးအတွက်
ရောဂါပျောက်ကင်းစေရန်ဖြစ်သည်။ ၃ ဘုရားသခင်
က အပြစ်ရှိသည်ဟု စီရင်သောအရာတစ်ခုမျှ ထိုမြို့
တွင်မရှိစေရ၊ ဘုရားသခင်နှင့် သိုးသငယ် *(ယေရှု)*
၏ ပလ္လင်သည် ထိုမြို့၌ရှိ လိမ့်မည်။ ဘုရားသခင်၏
အစေခံများသည် ကိုယ်တော်ကို ကိုးကွယ်ကြလိမ့်
မည်။ ၄ ကိုယ်တော်၏မျက်နှာတော်ကို သူတို့ဖူးမြင်
ကြလိမ့် မည်။ သူတို့၏နဖူးပေါ်တွင် ဘုရားသခင်၏
နာမကို ရေးထားလိမ့်မည်။ ၅ ထိုမြို့၌ ညမရှိ၊ မီးအိမ်
၏အလင်းနှင့် နေ၏အလင်း မလိုအပ်တော့ပေ။
သခင်ဘုရားသည် သူတို့ အား အလင်းပေးတော်မူ
မည်။ သူတို့သည် ရှင်ဘုရင်များကဲ့သို့ အစဉ်အမြဲ
အုပ်စိုးကြလိမ့်မည်။
၆ ကောင်းကင်တမန်က ငါ့အား နှုတ်ကပတ်
တော်သည် မှန်ကန်၍ ယုံကြည်ထိုက်သည်။
ဘုရားသခင်သည် ပရောဖက်ဝိညာဉ်များ၏ ဘုရား

ဖြစ်တော်မူ၏။ ဘုရားသခင်သည် မကြာမီဖြစ်ပေါ်
လာမည့်အရာများကို သူ၏အစေခံများအားပြရန်
သူ၏ကောင်းကင်တမန်ကို စေလွှတ်တော်မူသည်။
၇ “နားထောင်ပါ။ ငါ မကြာမီ ကြွလာမည်။ ဤ
စာစောင်ထဲတွင် ပရောဖက်ပြုသောစကားများကို
နာခံသောသူတို့သည် ကောင်းချီးခံစားရမည်”ဟု
ဆို၏။
၈ ငါသည် ယောဟန်ဖြစ်သည်။ ဤအရာများကို
ကြားရမြင်ရသောသူဖြစ်၏။ ဤအရာကို ကြား၍
မြင်ပြီးသောအခါ ဤအရာကို ပြသောကောင်းကင်
တမန်၏ရှေ့၌ပြပ်ဝပ်ကိုးကွယ်လေသည်။ ၉ သို့သော်
ကောင်းကင်တမန်က ငါ့အား “ငါ့ကို မကိုးကွယ်
ပါနှင့်။ ငါသည် သင်နှင့် သင်၏ညီအစ်ကို ပရော
ဖက်များကဲ့သို့ပင် အစေခံဖြစ်သည်။ ဤစာစောင်
ထဲတွင်ရှိသော စကားအားလုံးကို နာခံသောသူများ
အားလုံးနှင့်အတူ ငါသည် အစေခံရသည်။ ဘုရား
သခင်ကိုသာ ကိုးကွယ်ရမည်”ဟု ဆို သည်။
၁၀ တဖန် ကောင်းကင်တမန်က ငါ့အား “ဤ
စာစောင်ထဲတွင် ပရောဖက်ပြုခဲ့သော နှုတ်ကပတ်
တော်များကို လျှို့ဝှက်မထားနှင့်။ ထိုအရာများဖြစ်
ပေါ်ရန် အချိန်နီးလာပြီ။ ၁၁ အမှားကို ပြုလုပ်သော
သူသည် ဆက်၍မှားယွင်းပါစေ။ ညစ်ညူးသော
သူများသည် ဆက်လက်၍ ညစ်ညူးပါစေ။ အမှန်
ကို ပြုသောသူသည် ဆက်လက်၍အမှန်ကို ပြုပါ
စေ။ သန့်ရှင်းသောသူကို ဆက်လက်၍ သန့်ရှင်း
ပါစေ”ဟု ပြော၏။
၁၂ “နားထောင်ပါ၊ ငါသည် မကြာမီလာမည်၊
ငါနှင့်အတူ ဆုလာဘ်များ ယူဆောင်လာမည်။ မိမိ
ပြုခဲ့သောအရာများအတွက် ငါ ပြန်ပေးဆပ်မည်။
၁၃ ငါသည် အာလဖဖြစ်သည်။ ဩမေဃ ဖြစ်သည်။
ပထမနှင့်နောက်ဆုံး အစနှင့်အဆုံးလည်းဖြစ်၏။
၁၄ “မိမိဝတ်ရုံများကို ဆေးကြောသောသူတို့
သည် ကောင်းချီးခံစားရမည်။ အသက်ပင်မှ အသီး
ကို စားရသောအခွင့်ရှိလိမ့်မည်။ ထိုသူတို့သည်
မြို့ထဲသို့ တံခါးဝမှသာ ဝင်ခွင့်ရလိမ့်မည်။ ၁၅ မြို့
၏အပြင်ဘက်တွင်ခွေးများ *(မကောင်းသောသူများ)*
ရှိသည်။ ပြုစားတတ်သူ၊ မတရားသောမေထုန်၌မှီဝဲ
၍ အပြစ်ပြုသူ၊ လူအသက်ကိုသတ်သူ၊ ရုပ်တုကိုး
ကွယ်သူ၊ မုသာကို နှစ်သက်၍ လိမ်လည်ပြောဆို
သူများရှိကြသည်။
၁၆ ငါ *(ယေရှု)*သည် အသင်းတော်များအား ဤ
အရာများပြောပြရန် ကောင်းကင်တမန်ကိုလည်း
စေလွှတ်သည်။ ငါသည် ဒါဝိဒ်အမျိုးအနွယ်မှ ဆင်း
သက်လာသူဖြစ်သည်။ ထွန်းလင်းတောက်ပသော
မိုးသောက်ကြယ်လည်း ဖြစ်သည်။
၁၇ ဝိညာဉ်တော်နှင့် သတို့သမီးက “လာခဲ့ပါ၊
ဤအရာကိုကြားသောသူတိုင်းလည်း “လာခဲ့ပါ”ဟု
ပြောပါစေ။ ရေငတ်သောသူ ရှိလျှင်လာပါစေ။ အလို
ရှိသောသူသည် အဖိုးအခ မပေးရဘဲ အသက်ရေ
ကို လက်ဆောင်အဖြစ်ရလိမ့်မည်။
၁၈ ဤအနာဂတ္တိစကားကို ကြားရသောသူတိုင်း
အား ငါ သတိပေးလိုက်ပါ၏။ ဤစာလုံးများ၌
ဖြည့်စွက်လျှင် ဘုရားသခင်သည် ဤစာအုပ်ထဲတွင်
ရေထားသော ဘေးဒဏ်အားလုံးကို ထိုသူ၌သက်
ရောက်စေတော်မူမည်။ ၁၉ ဤအနာဂတ္တိစကားများ
မှ အချို့ကိုနှုတ်ယူလျှင် ဘုရားသခင်သည် ဤစာ
စောင်ထဲတွင်ရေးသားသော အသက်ပင်နှင့်လည်း
ကောင်း၊ သန့်ရှင်းသောမြို့တော်နှင့်လည်းကောင်း
ဆိုင်သောအခွင့်ကို ထိုသူထံမှ နှုတ်ပယ်တော်မူ
မည်။
၂၀ ဤအရာအားလုံးမှန်ကန်ကြောင်း မိန့်တော်
မူသောသူမှာ ယေရှုဖြစ်သည်။ ယခုလည်း “မှန်ပါ
သည်၊ ငါမကြာမီပြန်လာမည်”ဟု မိန့်တော်မူသည်။
အာမင်၊ သခင်ယေရှုကြွလာတော်မူပါ၊
၂၁ သခင်ယေရှုခရစ်တော်၏ ကျေးဇူးတော်
*(ကြင်နာခြင်း)*သည် လူသားအားလုံး၌ တည်ရှိပါစေ။

ဓမ္မသစ်ကျမ်းတို့တွင် နောက်ဆုံးကျမ်းဖြစ်ပြီး ရှင်ယောဟန် ရေးသားစီရင်သော
ဗျာဒိတ်ကျမ်းပြီး၏။